ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ ကဆုန်လဆန်း ၁၃ရက်၊ သောကြာနေ့၊ (20-5-2005) (၄၆၀၁)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ်ဟောင်း ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ အား လက်ခံတွေ့ဆုံ

ရန်ကုန် မေ ၁၉

ပြည်ထောင်စု မြန်မာနိုင်ငံတော် – နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသော ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ်ဟောင်း Arthit Kamlang-ek, Chairman of the Senate Standing Committee on Military Affairs **ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဖေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်း၊ တပ်မတော် စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်မြင့်ဆွေနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းတို့လည်း တက်ရောက်ကြသည်။

ထို့အတူ ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ်ဟောင်း Arthit Kamlang-ek , Chairman of the Senate Standing Committee on Military Affairs ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Suphot Dhirakaosal လည်း တက်ရောက်သည်။ (သတင်းစဉ်)

လက်ခံတွေ့ဆုံ

ပြည်ထောင်စု မြန်မာနိုင်ငံတော် – နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ်ဟောင်း Arthit Kamlang-ek, Chairman of the Senate Standing Committee on Military Affairs **နှင့် အဖွဲ့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဖေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။** (အပေါ်ပုံ) (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂၀-၅-၂၀၀၅
(သောကြာနေ့)

စိုက်ပျိုးရေးအခြေခံ စက်မှုလုပ်ငန်းများတိုးချဲ့ဆောင်ရွက် စက်ရုံ၊ အလုပ်ရုံများ စက်စွမ်းအားပြည့်ထုတ်လုပ်

နိုင်ငံတော်အစိုးရက အမျိုးသားစီးပွားရေးဘဝ တိုးတက် ဖြစ်ထွန်းခိုင်မာရေးအတွက် ကဏ္ဍအလိုက် စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်လျက်ရှိရာတွင် စက်မှုကဏ္ဍ၌ စိုက်ပျိုးရေးကို အခြေခံသည့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက် လာစေရန် ကြိုးပမ်းလျက်ရှိသည်။

ဧရာဝတီတိုင်းသည် ရေခံ၊ မြေခံကောင်းမွန်ပြီး သီးနှံစုံစိုက်ပျိုးဖြစ်ထွန်းသည့်ဒေသဖြစ်ရာ လယ်ယာကဏ္ဍကို အခြေခံသည့် စက်မှုလုပ်ငန်း၊ သားငါးကဏ္ဍကို အခြေခံသည့် စက်မှုလုပ်ငန်း၊ သစ်တောထွက်ပစ္စည်းကို အခြေခံသည့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာနိုင်သည့် အခြေခံကောင်းများဖြင့် ပြည့်စုံနေကြောင်း တွေ့ရသည်။

မအူပင်မြို့နယ် ပန်တပွတ်ကျေးရွာအနီးရှိ မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်း မအူပင်စက္ကူစက်ရုံသည် ဂုန်လျှော် အပင်လိုက်ကို ကုန်ကြမ်းအဖြစ်အသုံးပြု၍ တန်ဖိုးမြှင့်ပစ္စည်းအဖြစ် စက္ကူများထုတ်လုပ်၍ ဈေးကွက်သို့တင်ပို့ရောင်းချ နေပြီဖြစ်သည်။ ဒေသခံတောင်သူများအနေဖြင့် ယခင်က ဂုန်လျှော်ကိုရိတ်သိမ်းပြီး သမားရိုးကျ ရေစိမ်လျှော်ခွာပြီး ရောင်းချရသည့် နည်းလမ်းတစ်ခုသာရှိခဲ့သည်။ ယခုအခါ စက်ရုံ၏ ကုန်ကြမ်းလိုအပ်ချက်ဖြစ်သည့် ဂုန်လျှော်ကို အပင်လိုက်ရိတ်သိမ်းရောင်းချလာနိုင်သဖြင့် တောင်သူလယ်သမားများ ဝင်ငွေတိုးပြီး စိုက်ပျိုးရေး အခြေခံ စက်မှုလုပ်ငန်းလည်း ဖြစ်ထွန်းလာလျက်ရှိနေပေသည်။

မကြာသေးမီကလည်း သာပေါင်းမြို့နယ် လေ့ကြီးတက် ကျေးရွာအနီး၌ တည်ဆောက်ပြီးစီးသွားသည့် တစ်နေ့ တန် ၂၀၀ ပျော့ဖတ်စက်ရုံ(သာပေါင်း)ကို အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ပျော့ဖတ်စက်ရုံကို တည်ဆောက်ဖွင့်လှစ်နိုင်သည့်အတွက် ပြည်တွင်းစက္ကူသုံးစွဲမှုကို ပိုမိုဖြည့်ဆည်း ပေးလာနိုင်မည့်အပြင် ခေတ်မီနည်းပညာများရရှိစေခြင်းနှင့် ဒေသခံပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေခြင်း စသည့်အကျိုးဖြစ်ထွန်းမှုများ ရရှိလာကြောင်း တွေ့မြင်ရပေသည်။

ဧရာဝတီတိုင်းအတွင်း စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုရှိသည်သာမက စိုက်ပျိုးရေးအခြေခံသည့် စက်မှုလုပ်ငန်းများ၊ စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည်။ မြောင်းမြစက်မှုဇုန်တွင် စက်မှုလုပ်ငန်းရှင်များနှင့် စက်မှုလယ်ယာအလုပ်ရုံတို့က လက်တွန်းထွန်စက်၊ ဂီယာအိမ်၊ အင်ဂျင်၊ ဝက်ဝွန်ကား၊ စပါးခြွေစက်၊ ရိုးပြတ်နင်းဘီး၊ စက်တုံး၊ ရိုးပြတ်ဖြတ်စက်၊ ရေယာဉ်ပန်ကာအမျိုးမျိုးနှင့် ရိတ်သိမ်းခြွေလှေ့စက် အမျိုးမျိုးကို ထုတ်လုပ်လျက်ရှိနေပြီဖြစ်သည်။

ယနေ့ကာလတွင် နိုင်ငံတော်၏ စက်မှုလုပ်ငန်းများသည် အရှိန်အဟုန်ဖြင့် တိုးတက်လျက်ရှိရာ လယ်ယာကဏ္ဍကို အခြေခံသည့် စက်မှုနိုင်ငံအဆင့်မှသည် စက်မှုနိုင်ငံအဆင့်သို့ ကူးပြောင်းနိုင်ရေးအတွက် လိုအပ်သည့် စက်မှုအခြေခံလုပ်ငန်းများကို ဆက်လက်ကြိုးပမ်းထူထောင်သွားကြရန် လိုအပ်မည်ဖြစ်သည်။

နိုင်ငံတော်တစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေးတွင် စက်မှုကဏ္ဍသည် အရေးပါသည့်ကဏ္ဍမှ ပါဝင်လျက်ရှိရာ ပုဂ္ဂလိက စက်မှုလုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတော်၏ အားပေးပံ့ပိုးပေးမှုများနှင့်အတူ စက်မှု လုပ်ငန်းများ ယခုထက်ပိုမို ဖွံ့ဖြိုးတိုးတက်ရေး အားသွန်ကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်သည်။

အထူးသဖြင့် ခေတ်မီစက်ကိရိယာများသုံးစွဲ၍ စက်မှုထုတ်ကုန်ပစ္စည်းများ အရည်အသွေးကောင်းကောင်းဖြင့် အရေအတွက်များများထုတ်လုပ်နိုင်ရေး၊ စိုက်ပျိုးရေးလုပ်ငန်းနှင့် အခြေခံစက်မှုလုပ်ငန်းများ အပါအဝင် ဈေးကွက်ရှိသော စက်ကိရိယာများ ထုတ်လုပ်နိုင်ရေး ဝါယမစိုက်ထုတ် လုပ်ကိုင်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်၏ လိုအပ်ချက်နှင့်အညီ ကုန်ထုတ်လုပ်မှုတိုးတက်မြင့်မားလာရေးနှင့် အများပြည်သူသုံးစွဲနိုင်သောပစ္စည်းများ၊ သွင်းကုန်အစားထိုးပစ္စည်းများ ပိုမိုထုတ်လုပ်နိုင်ရေးတို့အတွက် စိုက်ပျိုးရေး အခြေခံစက်မှုလုပ်ငန်းများကို တိုးချဲ့တည်ထောင် ဆောင်ရွက်ကြရန်နှင့် စက်ရုံ၊ အလုပ်ရုံများအလိုက် စက်စွမ်းအား အပြည့်အဝ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းသွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မုဒုံမြို့ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းဖွင့်ပွဲနှင့် အခြေခံစက်ချုပ်သင်တန်းအမှတ်စဉ်(၁) ဖွင့်ပွဲ တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင်တက်ရောက် ကရင်ပြည်နယ် ပိုင်ကျုံမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၁၉

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပညာရေး လေ့ကျင့်ရေးဦးစီးဌာန၊ မုဒုံမြို့အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းဖွင့်ပွဲနှင့် အခြေခံစက်ချုပ်သင်တန်းအမှတ်စဉ်(၁) ဖွင့်ပွဲအခမ်းအနားကို မေ ၁၆ ရက် နံနက်ပိုင်းတွင် မုဒုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ အခမ်းအနားသို့ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် ကောင်စီဝင်များ၊ မော်လမြိုင်ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်အောင်နှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင်က အမှာစကားပြောကြားပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပညာရေးလေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဝင်းက သင်တန်းကျောင်းဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

လက်ခံရယူ

ဆက်လက်၍ ရန်ကုန်မြို့ စူပင်ကုမ္ပဏီလီမိတက်မှ ဦးမောင်မောင်တင်၊ ဒေါ်ဆွေဆွေဝင်းတို့က မုဒုံမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းသို့ ငွေကျပ်ငါးသိန်းကို ပေးအပ်လှူဒါန်းရာ သင်တန်းကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းနွယ်က လက်ခံရယူသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် အခမ်းအနားကို မုဒုံမြို့ ရွှေဟသာ်ခန်းမဆောင်ဝင်းအတွင်း၌ ဆက်လက်ကျင်းပရာ အစီအစဉ်အရ ညွှန်ကြားရေးမှူးချုပ် ဦးသန်းဝင်းနှင့် မော်လမြိုင်ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်အောင်တို့က သင်တန်းကျောင်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သင်တန်းခန်းမအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မှာကြား

နံနက် ၁၁ နာရီခွဲတွင် တိုင်းမှူးသည် ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ခင်ကြူးလိုက်ပါ၍ ပိုင်ကျုံမြို့သို့ ရောက်ရှိပြီး အရှည်ပေ ၆၀၀ နှင့် အကျယ် ၁၂ ပေရှိ ပိုင်ကျုံ ချောင်းကူးဘေလီတံတား တည်ဆောက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ခရိုင်အင်ဂျင်နီယာမှူး ဦးတင်အောင်က တံတားတည်ဆောက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းမှူးသည် ပိုင်ကျုံ အခြေခံပညာ အထက်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ်ဆောက်လုပ်နေမှုနှင့် ပိုင်ကျုံပြည်သူ့ဆေးရုံ ဆောက်လုပ်မည့် မြေနေရာများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံတော်ပြန်တမ်း

ရန်ကုန် မေ ၁၉

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်–

	အမည်၊ရာထူး၊ ဌာန	ခန့်ထားသည့်ရာထူး၊ ဌာန
(က)	ဗိုလ်မှူးကြီးမောင်မောင်သန်း ကာကွယ်ရေးဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့ အင်အားဝန်ကြီးဌာန
(ခ)	ဒေါက်တာဦးသိန်းထွန်း ဒုတိယညွှန်ကြားရေးမှူးချုပ် ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်) ကျန်းမာရေးဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်) ကျန်းမာရေးဝန်ကြီးဌာန
(ဂ)	ဦးစိန်ဦး ဒုတိယပါမောက္ခချုပ် လှိုင်ကော်တက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန	ပါမောက္ခချုပ် လှိုင်ကော်တက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန
(ဃ)	ဦးမြင့်ဆွေ ဒုတိယညွှန်ကြားရေးမှူးချုပ် နယ်စပ်ဒေသနှင့်တိုင်းရင်း သားလူမျိုးများဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန နယ်စပ်ဒေသနှင့်တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေး နှင့်စည်ပင်သာယာရေး ဝန်ကြီးဌာန	ကျောင်းအုပ်ကြီး ပြည်ထောင်စုတိုင်းရင်းသား လူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်) ပညာရေးနှင့်လေ့ကျင့်ရေး ဦးစီးဌာန နယ်စပ်ဒေသနှင့်တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန

စံပြမူကြိုဆရာအတတ်ပညာရေးသင်တန်း အမှတ်စဉ်(၇) သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် မေ ၁၉

မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန စံပြမူကြို ဆရာအတတ်ပညာရေးသင်တန်း အပတ်စဉ် (၇) သင်တန်းဆင်းပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီတွင် ကမာရွတ်မြို့နယ် ပြည်လမ်းရှိ အဆိုပါဦးစီးဌာန ရုပ်ရှင်ခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ ဥက္ကဋ္ဌ ဦးသန်းဦးက သင်တန်းဆင်း အမှာစကား ပြောကြားပြီး သင်တန်းသား၊ သင်တန်းသူများက မြန်မာနိုင်ငံ စာတတ်မြောက်ရေးအထောက်အကူပြု ပင်မဌာနသို့ အလှူငွေများ ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ စာတတ်မြောက်ရေး အထောက်အကူပြုပင်မဌာန ဥက္ကဋ္ဌ ဦးသန်းဦးကလည်းကောင်း၊ မိုးသောက်ပန်း အဆင့်မြင့်မူကြိုက မြန်မာနိုင်ငံပညာရေး သုတေသနအဖွဲ့ဦးစီးဌာနသို့ အလှူငွေများ ပေးအပ်လှူဒါန်းရာ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်မျိုးမြင့်ကြူကလည်းကောင်း လက်ခံကြသည်။

ဆက်လက်၍ တာဝန်ရှိသူများက ထူးချွန်ဆုရရှိသူများအား ဆုများကိုလည်းကောင်း၊ သင်တန်းဆင်းလက်မှတ်များကိုလည်းကောင်း အသီးသီး ပေးအပ်ကြသည်။

ထို့နောက် သင်တန်းသား၊ သင်တန်းသူများကိုယ်စား သင်တန်းသူနှစ်ဦးက ကျေးဇူးတင်စကား ပြောကြားပြီးသည်။

တက်ရောက်

သင်တန်းသို့သင်တန်းသား၊သင်တန်းသူ ၂၆၃ ဦး တက်ရောက်ခဲ့ကြပြီး အပတ်စဉ်(၁)မှ(၇)အထိ မူကြိုဆရာအတတ်ပညာရေး သင်တန်းဆင်း ၈၅၂ ဦး တက်ရောက်ပြီး ဖြစ်သည်။

(သတင်းစဉ်)

ပုဇွန်တောင်မြို့နယ် ရေကျော်လမ်း အမှတ်(၂၇)နေ အလှူရှင်ဒေါ်စိန်စိန်နှင့် သား၊ သမီး၊ မြေးတစ်စုတို့က ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီးတွင် တက်ရောက်ဆေးကုသမှုခံယူနေသော ဆင်းရဲနွမ်းပါး လူနာများအတွက် ဆေးပဒေသာပင် အလှူငွေကျပ်သုံးသိန်းကို မေ ၁၈ ရက်က လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာမောင်မော် လက်ခံရယူစဉ်။ (၂၃)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်သို့ ပညာသင်စရိတ်ပံ့ပိုးငွေများပေးအပ်လှူဒါန်းပွဲ ကျင်းပ

မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်သို့ စေတနာရှင်များက ကျောင်းသား၊ ကျောင်းသူများ အတွက် ပညာသင်စရိတ် ပံ့ပိုးငွေ များလှူဒါန်းသည့် အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ ကျေးဇူး တင်စကားပြောကြားစဉ်။

(သတင်းစဉ်)

ရန်ကုန် မေ ၁၉

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ စေတနာရှင်များက ကျောင်းသား၊ကျောင်းသူများအတွက် ပညာသင်စရိတ် ပံ့ပိုးငွေများ ပေးအပ်လှူဒါန်းသည့် အခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ တက်ရောက်၍ လှူဒါန်းငွေများကို လက်ခံပြီး ကျေးဇူးတင်စကားပြောကြားသည်။

တက်ရောက်

ပညာသင်စရိတ် ပံ့ပိုးငွေများပေးအပ်လှူဒါန်းသည့် အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ၊ အထွေထွေ အတွင်းရေးမှူး၊ တွဲဖက်အထွေထွေ အတွင်းရေးမှူး၊ အတွင်းရေးမှူးများအဖွဲ့၊ ဌာနကြီးမှူးများနှင့် လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ၊ စေတနာရှင် အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က ကျောင်းသား၊ ကျောင်းသူများ အတွက်ပညာသင်စရိတ်ပံ့ပိုးငွေ ငွေကျပ် တစ်သိန်းကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ပေးအပ်လှူဒါန်း

ထို့နောက် စေတနာရှင် အလှူရှင်များဖြစ်ကြသည့် ခနအောင် ကုမ္ပဏီလီမိတက် မန်နေဂျင်း ဒါရိုက်တာ ဦးစိုးသိန်းနှင့်ဇနီး ရန်ကုန်တိုင်း တွဲဖက်တရားသူကြီး ဒေါ်ခင်ချိုအုံးတို့က ငွေကျပ် ၁၀သိန်း၊ အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ဝင်များနှင့် အလှူရှင်များက ငွေကျပ် ၄၁၅၀၀၀၊ အမျိုးသမီးများအား လူနေမှုဘဝ မြင့်တင်ရေး လုပ်ငန်းအဖွဲ့ဝင်များက ငွေကျပ် ၃၇၀၀၀၀၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက ငွေကျပ်သုံးသိန်း၊ ပြန်ကြားရေးရာဌာနကြီးနှင့် အလှူရှင်များက ငွေကျပ် ၂၃၀၀၀၀၊ Myanmar Paper & Stationery ကုမ္ပဏီနှင့် ရှိုင်း ဆောက်လုပ်ရေးတို့က ငွေကျပ်တစ်သိန်းစီ၊ ဘဏ္ဍာရေးရာဌာနကြီးမှ အလှူရှင်များ၊ တိုင်းရင်းသားရေးရာ လုပ်ငန်းအဖွဲ့ဝင်များနှင့် ဥပဒေရေးရာလေ့လာရေးနှင့် အကြံပြုရေးလုပ်ငန်းအဖွဲ့မှ အလှူရှင်များက ငွေကျပ်သုံးသိန်းစီ၊ အောင်ရှိဖြိုး ကုမ္ပဏီလီမိတက် ဒါရိုက်တာ ဒေါ်ခင်မိုးညွန့်က ငွေကျပ် ၁၈၀၀၀၀၊ လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်း အဖွဲ့ဝင်များနှင့် အလှူရှင်များက ငွေကျပ် ၁၃၁၀၀၀၊ စည်းကမ်း ထိန်းသိမ်းရေးဌာနကြီးမှ အလှူရှင်များက ငွေကျပ် ၁၂၈၀၀၀၊ အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေး လုပ်ငန်းအဖွဲ့ - အဖွဲ့ခေါင်းဆောင် ဒေါ်ခင်အေးမိသားစုက ငွေကျပ် ၁၁၀၀၀၀၊ စည်းရုံးရေးဌာနကြီးမှ အလှူရှင်များ၊ ရတနာကုန်သည် ဒေါ်မြင့်မြင့်အေး (အငြိမ်းစား ကျောင်းဆရာမ)၊ ရွှေနန်းတော် စိန်ရွှေရတနာဆိုင်မှ ဒေါက်တာ အောင်ကျော်ဝင်းနှင့်ဇနီး ဒေါ်သက်သက်ခိုင်၊ ဒို့ရွှေပြည်ဆောက်လုပ်ရေးမှ ဦးမြစိုး၊ အာရှတော်ဝင် အထူးကုဆေးခန်းမှ ဒေါက်တာမြတ်သူနှင့် ဇနီး ဒေါက်တာ ခင်ချိုဦး မိသားစု၊ အာရှတော်ဝင် အထူးကုဆေးခန်း ဒါရိုက်တာ ဦးသိန်းလွင်၊ မြန်မာ့အလှဆောက်လုပ်ရေးမှ ဦးကျော်ခိုင်နှင့် ဇနီး ဒေါ်ခင်ခင်အေး၊အဂ္ဂမဟာသီရိသုဓမ္မသီဂီ၊ သီဟသုဓမ္မသီဂီ၊သီရိသုဓမ္မသီဂီ၊ မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ နဘယံကုမ္ပဏီလီမိတက်၊ အောင်ဧေ အထူးကုဆေးခန်း အုပ်ချုပ်မှုဒါရိုက်တာ လူမှုထူးချွန်(ပထမဆင့်) ဒေါ်မိမိခင်၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ဥက္ကဋ္ဌ ဦးသန်းမြင့်နှင့် ဇနီး ဒေါ်ခင်သိန်းကြည် မိသားစု၊ ဦးတင်လှနှင့်ဇနီး အဂ္ဂမဟာ သီရိသုဓမ္မသီဂီ ဒေါ်အေးအေးကြည်၊ ဒေါက်တာအောင်ဝင်းနှင့် ဇနီး ဒေါ်ကြွေကြွေဇင်တို့က ငွေကျပ်တစ်သိန်းစီ၊ စီမံရေးရာဌာနကြီးမှအလှူရှင်များက ငွေကျပ် ၄၂၀၀၀ အပါအဝင် အလှူရှင် ၂၁ဦးတို့က စုစုပေါင်း အလှူငွေကျပ် ၅၂၀၆၀၀၀ ကို ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့၊ ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်နှင့် အထွေထွေ အတွင်းရေးမှူး ပါမောက္ခ ဒေါက်တာဒေါ်ခင်မာထွန်းတို့က အသီးသီး လက်ခံယူကြပြီး စေတနာရှင် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က စေတနာရှင် အလှူရှင်များအား ကျေးဇူးတင်စကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပံ့ပိုးကူညီ

ယနေ့ကျင်းပသည့် ကျောင်းသား၊ ကျောင်းသူများအတွက် ပညာသင်စရိတ် ပံ့ပိုးငွေများ ပေးအပ်လှူဒါန်းသည့် အခမ်းအနားတွင် စေတနာရှင် အလှူရှင်များ၏ လှူဒါန်းငွေများကို ဆင်းရဲနွမ်းပါးပြီး ကျောင်းမနေနိုင်သူများ၊ အထူးသဖြင့် အမျိုးသမီးငယ်လေးများ ကျောင်းနေနိုင်ရေးအတွက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်က ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

(သတင်းစဉ်)

တိမ်အသင့်အတင့်

ရန်ကုန်မြို့နှင့် အနီး တစ်ဝိုက်တွင် ယနေ့ တိမ် အသင့်အတင့် ဖြစ်ထွန်းမည်။

ပဉ္စနိကာယ သာသနာ့ဗိမာန်ကျောင်းတိုက် စာအောင်သံဃာများဂုဏ်ပြုချီးမြှင့်ပူဇော်မည်

ရန်ကုန် မေ ၁၉

ကျေးဇူးတော်ရှင် အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ကြီး တည်ထောင်၍ တိပိဋကရေမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်(ပြည်)ဆရာတော် ဘဒ္ဒန္တကောသလ္လ သီတင်းသုံးခဲ့ပြီး၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တတေဇောဘာသ ဆရာတော်ဦးဆောင်တော်မူလျက်ရှိသော ပဉ္စနိကာယသာသနာ့ဗိမာန်ကျောင်းတိုက်မှ ယခုနှစ်တိပိဋကရေ စာမေးပွဲတွင် သုတ္တန္တပိဋက ဒီဃနိကာယကောဝိဒဘွဲ့ ရရှိတော်မူကြသော အရှင်သုနန္ဒ၊ ဝိနယပိဋက ဥဘတော ဝိဘင်္ဂရေဘွဲ့ ရရှိတော်မူကြသော အရှင်ဝိလာသ၊ အရှင်သောမဗုဒ္ဓိ သာသနာ့အာဇာနည် အရှင်မြတ် သုံးပါးနှင့် ဓမ္မာစရိယတန်း၊ ပထမကြီးတန်း၊ ပထမလတ်တန်း၊ ပထမငယ်တန်းအောင် သံဃာတော်များအား ဂုဏ်ပြုချီးမြှင့် ပူဇော်ပွဲကို မေ ၂၂ ရက် (ကဆုန်လပြည့်နေ့) နံနက် ၈နာရီတွင် အထက်ပါကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ပါ၍ အလှူငွေများကို ပဉ္စနိကာယ သာသနာ့ဗိမာန် ကံဘဲ့ဘူတာရုံလမ်း ရန်ကင်းမြို့နယ် ဖုန်း-၅၆၆၅၆၆၊ ၅၆၆၁၇၆ သို့လည်းကောင်း၊ ကျောင်းတိုက်အတွင်းရှိ ပူဇော်ပွဲကျင်းပရေး အကျိုးဆောင်များထံ၌လည်းကောင်း ပါဝင်လှူဒါန်းနိုင်ပါကြောင်းနှင့် ကြွရောက်ကြည်ညိုပူဇော် ကုသိုလ်ယူကြပါရန် ဖိတ်ကြားထားသည်။

(က-ပ)

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အီရန်သံအမတ်ကြီးခန့်အပ်ရန်သဘောတူ

ရန်ကုန် မေ ၂၀

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် မစ္စတာမိုဆန်ပဲ(ခ်)အိန်းအားခန့်အပ်ရန် အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ အဆိုပြုချက်ကို ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရက သဘောတူပြီးဖြစ်သည်။

မစ္စတာမိုဆန်ပဲ(ခ်)အိန်းသည် ၁၉၅၄ခုနှစ်တွင် ဖါဆာမြို့၌ မွေးဖွားခဲ့သည်။ ၎င်းသည် တီဟီရန်တက္ကသိုလ်မှ နိုင်ငံရေးသိပ္ပံဘွဲ့ရရှိခဲ့သည်။ ထို့နောက် ၁၉၈၁ခုနှစ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ဝင်ရောက်ခဲ့ပြီး ဇမ်ဘီယာနှင့် ဥဘက်ကစ်စတန်ရှိ အီရန်သံရုံးများနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။

မစ္စတာမိုဆန်ပဲ(ခ်)အိန်းသည် ဗန်ကောက်မြို့တွင် ရုံးစိုက်နေထိုင်၍ ပြည်ထောင်စု မြန်မာနိုင်ငံတော် ဆိုင်ရာ အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည်ဖြစ်သည်။

မစ္စတာမိုဆန်ပဲ(ခ်)အိန်းသည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သားသမီးသုံးဦးရှိသည်။

(သတင်းစဉ်)

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ နှစ်ပတ်လည်အစည်းအဝေး အတွေ့အကြုံရှင်းလင်း

ရန်ကုန် မေ ၁၉

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ (၁၅)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး အတွေ့အကြုံ ရှင်းလင်းခြင်း အခမ်းအနားကို မေ ၁၆ ရက် နံနက် ၉ နာရီတွင် ကျိုင်းတုံမြို့ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အစည်းအဝေးခန်းမ၌ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး၏ ဇနီး ဒေါ်ခင်ပြုံးဝင်း၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များတက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူး၏ ဇနီး ဒေါ်ခင်ပြုံးဝင်းက အမှာစကားပြောကြားပြီး ပြည်နယ်ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး၊ တွဲဖက်ပြည်နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာမြင့်အောင်က (၁၅)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ဆုံးဖြတ်ချက် ခြောက်ရပ်နှင့် ရှေ့လုပ်ငန်းစဉ်(၁၀)ရပ်ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ခရိုင်ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် ကျိုင်းတုံမြို့နယ်အသင်းဥက္ကဋ္ဌတို့က ခရိုင်နှင့်မြို့နယ်အလိုက် အသင်းလုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူး၏ဇနီးက မြို့နယ်အလိုက် အသင်းလုပ်ငန်းဆောင်ရွက်မှု ထူးချွန်ဆုရမြို့နယ်အသင်းများအား ဆုများ အသီးသီးပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ငါးရစ်၊ ငါးသန်ရာသီချိန်တွင် ငါးမဖမ်းရန် ပညာပေးနှိုးဆော်ချက်(၁/၉၇)

ငါးရစ်ငါးသန်၊

ဘေးမဲ့ချန်၊

ပုံမှန်စားသုံး၊

မျိုးမသုဉ်း။

မိုးဖြိုင်ဖြိုင်ရွာသော မေလနှောင်းပိုင်းနှင့် ဇွန်၊ ဇူလိုင်လများတွင် မြစ်ချောင်း၊ အင်းအိုင်အနှံ့အပြား၌ ဥများဖြင့်ပြည့်နေသော ငါးမကြီးများနှင့် မျိုးရည်ပြည့်ဝသော ငါးထီးကြီးများသည် ဥချရန်နေရာရှာဖွေ၍ ငါးရစ်တက်ကြပါသည်။

ထိုငါးရစ်ငါးများကို ဖမ်းဆီးလိုက်ပါက ပေါက်ပွားလာမည့် သန်းပေါင်းများစွာသော နုနယ်လှသည့် သားပေါက်ငါးသန်များသည်လည်းသေကြေပျက်စီးကာ တစ်နိုင်ငံလုံး ဖူလုံစွာစားသုံးမှုနှင့် အမျိုးသားစီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူမပြုတော့ဘဲ ငါးမျိုးပြုန်းတီးသွားစေနိုင်ပါသည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာအမှတ်(၂/၉၂)ဖြင့် ငါးရစ်၊ ငါးသန် ရာသီချိန်များတွင် ငါးလုပ်ငန်းဦးစီးဌာန၏ ခွင့်ပြုချက်မှတစ်ပါး ငါးများဖမ်းဆီးခြင်းမပြုရန် တားမြစ်ထားပါသည်။ အဆိုပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက ရေချိုငါးလုပ်ငန်း ဥပဒေပုဒ်မ(၄၅)အရ ဖမ်းဆီးတရားစွဲအဖြစ်ပေးနိုင်ရန် ပြဋ္ဌာန်းထားပါသည်။

သို့ပါ၍ ငါးရစ်တက်ချိန်နှင့် ငါးသန်သားပေါက်သော မိုးရာသီအချိန်များတွင် လွတ်လပ်စွာဥချ သားပေါက်နိုင်ရန် ဖမ်းဆီးခြင်းမပြုဘဲ ဘေးမဲ့ပေးကြပါရန် နှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန။

ဘဂ္ဂဒက်မြို့ ဒူရာအရပ်၌ ဖြစ်ပွားသော ပေါက်ကွဲမှုများကြောင့် ဒဏ်ရာရရှိသွားသော အီရတ်အမျိုးသမီးတစ်ဦးအား ရာမောက်ဆေးရုံတွင် မေ ၁၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရန်ခရီးစဉ် မလေးရှားဝန်ကြီးချုပ် ဘာဒါဝီအဆုံးသတ် နှစ်နိုင်ငံနယ်ပယ် ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်မည်

တီဟီရန် မေ ၁၈

မလေးရှားဝန်ကြီးချုပ် အဗ္ဗဒူလာအာမက်ဘာဒါဝီသည် အီရန်နိုင်ငံသို့ အစိုးရ ဧည့်သည်တော်အဖြစ် လာရောက်သည့်ခရီးစဉ်ကို စနေနေ့အစောပိုင်းတွင် အဆုံးသတ်လိုက်ကြောင်း အီရန်နိုင်ငံပိုင် သတင်းဌာနဖြစ်သော အိုင်အာအင်န်အေ သတင်းဌာနက တနင်္ဂနွေနေ့တွင် သတင်းထုတ်ပြန်သည်။

ဝန်ကြီးချုပ်ဘာဒါဝီသည် ၎င်း၏ သုံးရက်ကြာခရီးစဉ်အတွင်း အီရန်နိုင်ငံခေါင်းဆောင် အလီခါမေနီနှင့်လည်းကောင်း၊ သမ္မတမိုဟာမက်ခါတာမီနှင့်လည်းကောင်း၊ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ အက္ကဘာဟာရှီဗီရပ်ဖ်ဆန်ဂျာနီနှင့် လည်းကောင်း တွေ့ဆုံဆွေးနွေးသည်။

မလေးရှားနှင့် အီရန်နိုင်ငံတို့မှ ခေါင်းဆောင်များသည် နယ်ပယ်ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန် သဘောတူခဲ့ကြပြီး နည်းပညာ၊ ပညာရေး၊ သုတေသနလုပ်ငန်းနယ်ပယ်ရပ်များ၌ ရင်းနှီးမြှုပ်နှံမှု တိုးချဲ့ရန်လည်း သဘောတူညီကြသည်။

ဒုတိယအကြိမ်ဖြစ်

၂၀၀၃ခုနှစ် အောက်တိုဘာလတွင် မလေးရှားဝန်ကြီးချုပ်အဖြစ် တာဝန်ယူချိန်နောက်ပိုင်း အီရန်နိုင်ငံသို့ ဝန်ကြီးချုပ် ဘာဒါဝီလာရောက်ခြင်းသည် ဒုတိယအကြိမ်ဖြစ်သည်။

ခင်းကျင်းပြသ

အီရန်နိုင်ငံတွင် ဘာဒါဝီ ရောက်ရှိနေစဉ်အတွင်းယင်းနိုင်ငံအလယ်ပိုင်း အစ္စဖာဟန်မြို့တွင် မလေးရှားကုန်စည်ပြပွဲကို ခင်းကျင်းပြသခဲ့သည်။ အဆိုပါကုန်စည်ပြပွဲတွင် မလေးရှားကုမ္ပဏီ၂၀၀ကျော်က ပါဝင်ပြသသည်။

ပို့ကုန်တင်ပို့မှု

အီရန်နိုင်ငံသို့ မလေးရှား ပို့ကုန်တင်ပို့မှုမှာ ၂၀၀၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃၄၅ ဒသမ ၉ သန်းအထိ ရောက်ရှိခဲ့သည်။ မလေးရှားနိုင်ငံက အီရန်မှ သွင်းကုန် တင်သွင်းမှုမှာမူ အလားတူကာလအတွင်း အမေရိကန် ဒေါ်လာ ၂၅၈ ဒသမ ၅ သန်းအထိရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။



တရားဥပဒေစိုးမိုးရေးတာဝန် ထမ်းဆောင်စဉ် အမေရိကန်တွင် သေဆုံးသူ ရဲတပ်ဖွဲ့ဝင် ၅၄ ဦးရှိ

ဝါရှင်တန် မေ ၁၈

အမေရိကန် ပြည်ထောင်စုတွင် တရားဥပဒေစိုးမိုးရေး လုပ်ငန်းတာဝန်များ၌ တာဝန်ထမ်းဆောင်စဉ် သေဆုံးသူ ဦးရေမှာ ၂၀၀၄ ခုနှစ်အတွင်း ၅၄ ဦးရှိကြောင်း ပြည်ထောင်စု စုံစမ်းစစ်ဆေးရေးဗျူရို (အက်ဖ်ဘီအိုင်) က တနင်္လာနေ့တွင် ထုတ်ပြန်လိုက်သော အစီရင်ခံစာတွင် ဖော်ပြထားသည်။

အမေရိကန်တွင် ၂၀၀၃ ခုနှစ်က အလားတူသေဆုံးသူဦးရေမှာ ၅၂ ဦး ရှိခဲ့သည်။

တွေ့ကြုံရ

တရားဥပဒေစိုးမိုးရေး လုပ်ငန်းတာဝန်များ၌ တာဝန်ထမ်းဆောင်စဉ် သေဆုံးမှုများမှာ ဖြစ်စဉ် ၄၇ ခုနှင့် သက်ဆိုင်လျက် ရှိကြောင်း၊ ရဲတပ်ဖွဲ့ကဲ့သို့ တရားဥပဒေစိုးမိုးရေး လုပ်ငန်းတာဝန်ထမ်းဆောင်ရသော တပ်ဖွဲ့ဝင် ၁၆ ဦးသည် တရားခံ ဖမ်းဆီးရမိရန် ကြိုးပမ်းရာတွင် လည်းကောင်း၊ တပ်ဖွဲ့ဝင် ၁၂ ဦးသည် အနှောင့်အယှက်ပြုခံရသူများအား ကယ်တင်နိုင်ရန် လုပ်ဆောင်ရာတွင် လည်းကောင်း၊ တပ်ဖွဲ့ဝင် ခုနစ်ဦးသည် သင်္ကာမကင်းဖွယ်ရာလူများကို စုံစမ်းစစ်ဆေးမှုပြုလုပ်နိုင်ရန် လုပ်ဆောင်ရာတွင် လည်းကောင်း၊ တပ်ဖွဲ့ဝင် ခြောက်ဦးသည် ချုံခိုတိုက်ခိုက်ခံရမှုကြောင့် လည်းကောင်း၊ တပ်ဖွဲ့ဝင် ခြောက်ဦးသည် ထွက်ပြေးသွားသော မော်တော်ယာဉ်များနောက်သို့ လိုက်လံဖမ်းဆီးစဉ် မော်တော်ယာဉ်မတော်တဆမှုများနှင့် တွေ့ကြုံရခြင်းကြောင့် လည်းကောင်း သေဆုံးရခြင်းဖြစ်ကြောင်း အစီရင်ခံစာတွင် ရေးသားထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ပါရာဂွေးနယ်စပ်တွင် ဗြိတိန်နိုင်ငံသားကို မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းမိ

ဗျူနိုစ်အေရီ မေ ၁၈

ပါရာဂွေးနိုင်ငံနှင့် ဘိုလီးဗီးယားနိုင်ငံ နယ်စပ်စစ်ဆေးရေးဂိတ်တစ်ခုတွင် ဗြိတိန်နိုင်ငံသားတစ်ဦးကို ကိုကင်းလေးကီလိုဂရမ်နှင့်အတူ ဖမ်းဆီးရမိကြောင်း ပါရာဂွေးနိုင်ငံ၏ မြို့တော်အာဆန်းရှင်းမှ မေ ၁၄ ရက်တွင် လာသော သတင်းများက ဆိုသည်။

မူးယစ်ဆေးဝါး သယ်ဆောင်လာသူ ဗြိတိန်နိုင်ငံသားမှာ အသက်(၂၄) နှစ်အရွယ်ရှိ ဗင်ဆင်လူဝစ်ဒါရင် ဆိုသူဖြစ်သည်။

၎င်းသည် ဘိုလီးဗီးယားနိုင်ငံ စန်တာခရုစ်ဒီလာဆီရာမှ ဘတ်စ်ကားဖြင့် ဝင်လာစဉ် ပါရာဂွေးနိုင်ငံ နယ်စပ်အင်ဖန်တီရီဗာရိုလာမြို့ ဂိတ်တွင် ရဲတပ်ဖွဲ့က ဖမ်းမိခြင်းဖြစ်ကြောင်း ပါရာဂွေးအမျိုးသား မူးယစ်ဆေးဝါးနှိမ်နင်းရေးအဖွဲ့က ပြောကြားသည်။ ထိုမြို့သည် ပါရာဂွေးမြို့တော် အာဆန်းရှင်း၏ အနောက်ဘက် ကီလိုမီတာ ၄၅၀ အကွာတွင် တည်ရှိသည်။

လွှဲပြောင်းပေး

ရဲတပ်ဖွဲ့က ပုံမှန်အတိုင်း ဘတ်စ်ကားများကို ရှာဖွေနေကြစဉ် ဒါရင်၏ အိတ်အတွင်းမှ ကိုကင်းများကို တွေ့ရှိခြင်းဖြစ်သည်။ ၎င်းကိုဖမ်းဆီးပြီးနောက် အမှုကို စစ်ဆေးစီရင်နိုင်ရန် ပါရာဂွေးတရားရုံးချုပ်သို့ လွှဲပြောင်းပေးလိုက်ပြီဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

လက်နက်ဖျက်သိမ်းရေး လုပ်ဆောင်ရာတွင် ကုလသမဂ္ဂ၏ မူဘောင်အတွင်းမှ လုပ်ဆောင်သင့်

ကွာလာလမ်ပူ မေ ၁၈

လက်နက်ဖျက်သိမ်းရေး လုပ်ငန်းနှင့် အစုအပြုံလိုက် ဖျက်သိမ်းနိုင်သော လက်နက်များ (ဒဗလျူအမ်ဒီ) ထုတ်လုပ်မှု တားဆီးရေးလုပ်ငန်းတို့ကို ဆောင်ရွက်ရာတွင် ကုလသမဂ္ဂ၏ အခြေခံမူဘောင်အတွင်းမှ လုပ်ကိုင်ရန် မလေးရှားနိုင်ငံက လိုလားကြောင်း နိုင်ငံခြားရေးဝန်ကြီး ဆီမက်ဟာမစ်အယ်လ်ဘာက တနင်္လာနေ့တွင် ပြောကြားသည်။

လက်နက်ဖျက်သိမ်းခြင်းနှင့် အစုအပြုံလိုက် ဖျက်ဆီးနိုင်သော လက်နက်များ မပြန့်ပွားရေး လုပ်ငန်းတို့ကို လုပ်ဆောင်ရာတွင် နိုင်ငံတကာ၏ ကြီးကြပ်မှုအောက်၌ ကြပ်ကြပ်မတ်မတ် ဆောင်ရွက်သင့်ကြောင်း မလေးရှား နိုင်ငံခြားရေးဝန်ကြီးက မြို့တော်ကွာလာလမ်ပူတွင် ကျင်းပသော ဓာတုလက်နက်ဖျက်သိမ်းရေး အာရှဒေသဆိုင်ရာ အစည်းအဝေး၌ အဖွင့်မိန့်ခွန်းပြောကြားရာတွင် ဖော်ပြသည်။

စစ်အေးကာလ ပြီးဆုံးချိန်နောက်ပိုင်း ၁၅နှစ်နီးပါးခန့် ကြာမြင့်သော ကာလအတွင်း ကမ္ဘာ့နိုင်ငံများသည် လက်နက်ဆိုင်ရာ အသုံးစရိတ်များ လျှော့ချနိုင်ရန်လည်းကောင်း၊ လက်နက်အတွက် ကုန်ကျသည့်ငွေကြေးကို ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ပိုမို သုံးစွဲနိုင်ရန်လည်းကောင်း လုပ်ဆောင်နိုင်ခြင်း မရှိကြောင်း ၎င်းက ပြောကြားသည်။

လေးရက်ကြာကျင်းပသည့် အဆိုပါ အစည်းအဝေးတွင် ဓာတုလက်နက်တားမြစ်ပိတ်ပင်ရေးဆိုင်ရာ ကျွမ်းကျင်သူပညာရှင်များက ဓာတုလက်နက်ဘေးအန္တရာယ်မှ အရပ်သားများအား ကာကွယ် စောင့်ရှောက်ပေးနိုင်မည့် စနစ်တစ်ရပ်ကို ဖော်ထုတ်နိုင်ရန် အသိအမြင်ချင်း ဖလှယ်ကြမည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ကုလလုံခြုံရေးကောင်စီဝင်ဖြစ်ရေး ဂျပန်ကြိုးပမ်း

တိုကျို မေ ၁၈

ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် အမြဲတမ်းအဖွဲ့ဝင်နိုင်ငံအဖြစ် ဂျပန်နိုင်ငံအဆိုပြုရာ၌ ကမ္ဘာ့နိုင်ငံများ၏ ထောက်ခံမှုရရှိရေးအတွက် ကမ္ဘာ့နိုင်ငံအသီးသီးရှိ သံအမတ်ကြီးများ ကြိုးပမ်းကြရန် ဂျပန်နိုင်ငံခြားရေးဝန်ကြီး နိုဘူတာကာမာချီမူယာက တနင်္လာနေ့တွင် တိုက်တွန်းလိုက်သည်။ မြို့တော်တိုကျိုတွင် ကျင်းပသော အစည်းအဝေးတစ်ရပ်တွင် ဂျပန်သံအမတ်ကြီး ၁၂၀ ခန့်ကို ဝန်ကြီးမာချီမူယာက အထက်ပါအတိုင်း တိုက်တွန်းလိုက်ခြင်းဖြစ်ကြောင်းကျိုဒိုသတင်းဌာနက သတင်းထုတ်ပြန်သည်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် အမြဲတမ်းအဖွဲ့ဝင်နိုင်ငံ ဂျပန်နိုင်ငံဖြစ်လာရေးကိစ္စမှာ ဝန်ကြီးချုပ် ကိုအိဇုမိအစိုးရအဖွဲ့အတွက် အရေးအကြီးဆုံးကိစ္စရပ်ဖြစ်ကြောင်း မာချီမူယာက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အီရန်၊ တူနီးရှား သယ်ယူပို့ဆောင်ရေး ပူးပေါင်းဆောင်ရွက်ရန် လက်မှတ်ရေးထိုး

တီဟီရန် မေ ၁၇

အီရန်နိုင်ငံနှင့် တူနီးရှားနိုင်ငံတို့သည် လေကြောင်း၊ ရေကြောင်းနှင့် ကုန်းလမ်း ပို့ဆောင်ရေးတို့တွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရန် သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည်ဟု အီရန်သတင်းဌာနက တနင်္ဂနွေနေ့တွင် ရေးသားဖော်ပြသည်။

လက်မှတ်ရေးထိုး

အဆိုပါ နားလည်မှု စာချွန်လွှာတွင် အီရန်နိုင်ငံ ကုန်းလမ်းနှင့် သယ်ယူပို့ဆောင်ရေးဝန်ကြီး မိုလာမ်မဒ် ရာမာဒီနှင့် အီရန်နိုင်ငံသို့ လာရောက်လည်ပတ်သော တူနီးရှားနိုင်ငံဝန်ကြီး အာဘဒ်ရာဟာမ်ဇိုအာရီတို့က လက်မှတ်ရေးထိုးခဲ့ကြသည်ဟု သတင်းဌာနက ထုတ်ပြန်ဖော်ပြခဲ့သည်။

ထိုသဘောတူညီမှုအရ ၂၀၀၅ ခုနှစ်ကုန်ပိုင်းတွင် အီရန် - တူနီးရှား လေကြောင်းလိုင်းကို တည်ထောင်ရန်နှင့် နှစ်နိုင်ငံကြားရှိ ကုန်သွယ်ရေးနှင့် ကူးသန်းရောင်းဝယ်ရေး ပူးပေါင်းဆောင်ရွက်မှုကို တိုးချဲ့မှုပြုလုပ်ရန်တို့ဖြစ်သည်ဟု ဇိုအာရီ၏ ပြောကြားချက်ကိုကိုးကား၍သတင်းစာကရေးသားဖော်ပြခဲ့သည်။

တစ်နိုင်ငံနှင့် တစ်နိုင်ငံ နိုင်ငံကူးလက်မှတ်များထုတ်ပေးရာတွင်လွယ်ကူစွာ ဆောင်ရွက်နိုင်ရန်အတွက်လည်း သဘောတူညီခဲ့ကြသည်ဟုဆိုသည်။

အမ်အင်အေ၊ ဆင်ဟွာ။

စောင့်ကြပ်

အီရတ်နိုင်ငံ ဘာဆာရာမြို့တွင် လုံခြုံရေး စောင့်ကြပ်နေသော ဒိန်းမတ်တပ်ဖွဲ့ဝင်များကို မေ ၁၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ဝန်ကြီး ဦးသန်းအောင်နှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် နယားဆရာတော်ကြီး၏ အန္တိမအဂ္ဂိစျာပနသဘင်အခမ်းအနား တက်ရောက်ကြည်ညို

ရန်ကုန် မေ ၁၉

မန္တလေးတိုင်း ချမ်းမြသာစည်မြို့နယ် ဒက္ခိဏာရာမဘုရားကြီးတိုက် ပဓာနနာယက၊ နိုင်ငံတော် ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋက ပါဠိမြန်မာ အဘိဓာန်ကျမ်းပြုအဖွဲ့ဥက္ကဋ္ဌ နယားဆရာတော် ဘဒ္ဒန္တမေဓိယာဘိဝံသ၏ အန္တိမအဂ္ဂိစျာပန သာဓုကိဠနပူဇာသဘင်အခမ်းအနားကို မေ ၁၅ရက် ညနေ ၃နာရီက ချမ်းမြသာစည်မြို့နယ် ကျွန်းလုံး ဥဿျောင်ရပ်ကွက် ဦးပွားဆုတောင်းပြည့်ဘုရားကြီး အနောက်ပေါက် စံကျောင်းမဏ္ဍပ်တော်၌ကျင်းပရာ အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်သာသနာပိုင် ဝါဆိုကျောင်းဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တအဂ္ဂိယ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် ဇနီး၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်း၊ တိုင်းအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးကြည်သိန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာတော်ကြီး၏ ဆွေတော်မျိုးတော်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

အစီအစဉ်အရ ဒေ့ပရိသတ်များက အနိစ္စာဝတသင်္ခါရာ စသော သံဝေဂသုံး ဂါထာကိုရွတ်ဆို၍ အခမ်းအနားကို ဖွင့်လှစ်ပြီး နိုင်ငံတော် ဩဝါဒါစရိယ ရွှေကျင်သာသနာပိုင် ဝါဆိုကျောင်း ဆရာတော် ဘဒ္ဒန္တအဂ္ဂိယထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြ၍ ဆရာတော် သံဃာတော်အရှင်သူမြတ်တို့က မေတ္တာသုတ် ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်တော်မူသည်။

ထို့နောက် တိုင်းမှူးနှင့် ဇနီး၊ ဝန်ကြီးများနှင့် ဒေ့ပရိသတ်များက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ သံဝေဂဉာဏ်ပွားများကြောင်း သဝဏ်လွှာကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသက ဖတ်ကြားပြီး သာသနာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင်က သာသနာရေးဝန်ကြီးဌာန၏ ဝမ်းနည်းကြောင်း သဝဏ်လွှာကို ဖတ်ကြားပူဇော်သည်။

ပူဇော်

ထို့နောက် သာသနာရေးဝန်ကြီးဌာနမှ လှူဒါန်းပူဇော်သော စိန်ကတ္တီပါအား တိုင်းမှူး၊ ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား လွှမ်းခြုံပူဇော်ကြသည်။

ဆက်လက်၍ ဘုံကျော်တိုက်၊ ဒေါင်းကျောင်းဆရာတော် ဘဒ္ဒန္တ သုစိတ္တက ကျေးဇူးတော်ရှင် ဆရာတော်ကြီး၏ ဘဝဖြစ်စဉ် ထေရုပ္ပတ္တိအကျဉ်းကို ဖတ်ကြားပူဇော်ပြီး လှူဒါန်းမှုအစုစုအတွက် တိုင်းသံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ ရွှေဝါဝင်းကျောင်းဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ သာသနာဘိဝံသက အနုမောဒနာတရားနှင့် ရေစက်ချတရား ချီးမြှင့်တော်မူပြီးနောက် သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန အကြံပေးပုဂ္ဂိုလ် ဦးမင်းကြည်က ပဋ္ဌိမဝန္ဒနာဂါထာကို ရွတ်ဖတ်ပူဇော်သည်။

တောင်းပန်လွှာ

ယင်းနောက် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်၊ ဘုရားကြီးတိုက်၊ ဆင်မင်းကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဩဘာသဘိဝံသက အစ္စယောမံ ဘန္တေအစရှိသော တောင်းပန်လွှာကို ပရိသတ်များအား တိုင်ကြားပေးတော်မူသည်။

ပင့်ဆောင်

ထို့နောက် သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန အကြံပေးပုဂ္ဂိုလ် ဦးမင်းကြည်က နတ်မြင်းပျံရထားပေါ်သို့ လိုက်ပါကြွတော်မူရန် တောင်းပန်လျှောက်ထားပြီး သာဓုသုံးကြိမ်ခေါ်ဆို၍ တိုင်းမှူး၊ ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား နတ်မြင်းပျံရထားပေါ်သို့ ပင့်ဆောင်ကာ အန္တိမအဂ္ဂိ စျာပနပြုလုပ်မည့် အမရပူရမြို့နယ် ရှမ်းကလေးကျွန်းသို့ ပင့်ဆောင်ပြီးနောက် အန္တိမအဂ္ဂိစျာပန ကျင်းပခဲ့သည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း တာမွေမြို့နယ် တာမွေကြီး(ခ)ရပ်ကွက် ၁၆၆လမ်း အမှတ်(၁၆)နေ နှစ်ဖက်သောမိဘများအား အမှူးထားလျက် (ဦးလှထွန်း)–ဒေါ်သန်းမြ မိသားစုက သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီး တည်ဆောက်ရန်အတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူးကြီး တင်သိန်းလွင်(ငြိမ်း)သို့ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ကဆုန်လပြည့်နေ့တွင် လော်ကားဥယျာဉ် ဖွင့်လှစ်ထားမည်

ရန်ကုန် မေ ၁၉

သစ်တောဦးစီးဌာန လော်ကားဥယျာဉ်ကို နေ့စဉ် ပုံမှန် နံနက် ၈နာရီမှ ညနေ ၄နာရီအထိသာ ဖွင့်လှစ်ထားသော်လည်း ၂၀၀၅ခုနှစ် မေ ၂၂ရက်(ကဆုန်လပြည့်နေ့)တွင် အများပြည်သူများ ပျော်ရွှင်ချမ်းမြေ့စွာ အပန်းဖြေ အနားယူလေ့လာနိုင်ရန် အတွက် နံနက် ၈နာရီမှ ညနေ ၅နာရီအထိ ဖွင့်လှစ်ထားမည်ဖြစ်သည်။ (သတင်းစဉ်)

တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှု အခြေခံပညာပေး သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် မေ ၁၉

သာသနာရေးဝန်ကြီးဌာန သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှု အခြေခံပညာပေးသင်တန်း အမှတ်စဉ်(၇) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီတွင် ကမ္ဘာအေးကုန်းမြေ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ဘွဲ့နှင်းဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ဖွင့်လှစ်ပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအာစိဏ္ဏာဘိဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ထို့နောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး၏ကိုယ်စား သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးမျိုးကျော်က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ယင်းနောက် သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးမျိုးကျော်၊ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာသိန်းဆွေနှင့် တာဝန်ရှိပုဂ္ဂိုလ်များက ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ သင်တန်း၌ ထူးချွန်ဆုရရှိသော ရဟန်းတော်များအား တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာသိန်းဆွေက ဆုများဆက်ကပ်သည်။

သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုအခြေခံပညာသင်တန်း အမှတ်စဉ်(၇) သင်တန်းဆင်းပွဲ အခမ်းအနားတွင် ဒုတိယရရှိသော ရဟန်းတော်အား တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာသိန်းဆွေ ဆုဆက်ကပ်စဉ်။ (သတင်းစဉ်)

ထို့နောက် သင်တန်းဆင်းလက်မှတ်များကို ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးမျိုးကျော်နှင့် တာဝန်ရှိသူတို့က အသီးသီး ပေးအပ်ကြပြီး တိုင်းရင်းဆေးပညာဦးစီးဌာနမှ နည်းပြဆရာများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓရ ဘဒ္ဒန္တဇာဂရာဘိဝံသထံမှ ရေစက်ချတရား နာယူကြပြီး အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၀–၅–၂၀၀၅ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၅ ၅။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
၈း၀၅ ၆။ အကပြိုင်ပွဲ
၈း၁၀ ၇။ ကြေးမုံရိပ်သွင်တေးနှယဉ်
၈း၂၀ ၈။ စစ်ကိုင်းတိုင်း ပုထိုးလုံးတံတား
၈း၃၀ ၉။ International News.
၈း၄၅ ၁၀။ English for Everyday Use
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀ ၃။ Practice in Reading
၄း၄၅ ၄။ တေးဂီတအစီအစဉ်
၅း၀၀ ၅။ **အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ – ဒုတိယနှစ် (ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)**
၅း၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၅း၃၅ ၇။ နည်းစနစ်မှန်မှန်အားကစားအခြေခံ
၅း၄၅ ၈။ **"ချစ်လွန်းလို့"** (ဖိုးဖြူ၊ ခင်စိုးပိုင်၊ မျိုးမျိုးခိုင်) [ဒါရိုက်တာ– ကြည်စိုး]
၅း၅၀ ၉။ မြန်မာစာ၊ မြန်မာစကား
၆း၀၅ ၁၀။ တေးဂီတအစီအစဉ်
၆း၂၀ ၁၁။ Discovery.
၆း၃၀ ၁၂။ ညနေခင်းသတင်း
၇း၀၀ ၁၃။ မိုးလေဝသအခြေအနေ
၇း၀၅ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သောညီမ" (အပိုင်း–၃၂)**
၇း၃၀ ၁၅။ လူငယ်တွေ့ဆုံပွဲနှင့် နှီးနှောဖလှယ်ပွဲ(ပုဂံ) အပိုင်း(၂)
၇း၄၅ ၁၆။ နှောင်းခေတ်တေးပဒေသာ
၈း၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ **မြန်မာဗီဒီယိုဇာတ်လမ်း "ခြားနားခြင်း" (လူမင်း၊ အိန္ဒြာကျော်ဇင်) [ဒါရိုက်တာ–ခင်မောင်ဦး၊ စိုးသိမ်းထွဋ်]**
၂၁။ နောက်တစ်နေ့အစီအစဉ်
၂၂။ အစီအစဉ်ပြီး၏။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၀–၅–၂၀၀၅ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ လက်စွမ်းပြပဟန်ဂီတသံ
၄း၁၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၂၅ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄း၃၀ ၆။ မျိုးချစ်တပ်မတော်
၄း၄၀ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
၅း၀၀ ၈။ **အဝေးသင်ပညာရေးပို့ချမှုအစီအစဉ် -Science and Scientists. (ဒုတိယနှစ်–အထူးပြုအားလုံး)**
၅း၄၅ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
၆း၂၀ ၁၂။ မိုးလေဝသသတင်း
၆း၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀ ၁၄။ **ထူးခြားသောကလေးငယ်ကာတွန်း ဇာတ်လမ်း (အပိုင်း–၅၀)**
၆း၅၀ ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အမြွှာနဲ့ကြမ္မာ" (အပိုင်း–၂၃)**
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင်
၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ချစ်သူ သူရဲကောင်း" (အပိုင်း–၁၀)**
၂၁။ သင့်အတွက်မနက်ဖြန်
၂၂။ အပိတ်နှုတ်ဆက်စကား
၂၃။ ပြီးပါပြီ။

တပ်နဲ့ပြည်သူ မြဲကြည်ဖြူ ရန်သူဟူသမျှ တိုက်ဖျက်ကြ

အောင်သူမိုး
(မြင်းခြံ)

ဒုတိယကမ္ဘာစစ် ပြီးဆုံးသွားတဲ့ နှစ်(၆၀)ပြည့်နေ့ အခမ်းအနားမှာ ဂျာမနီနိုင်ငံ သမ္မတကြီးက **"နာဇီဖက်ဆစ်ဝါဒ လွှမ်းမိုးခံရမှုကြောင့် ဒုတိယကမ္ဘာစစ်ကြီးကို ဖော်ဆောင်ခဲ့ပြီး လူ့အသက်ပေါင်းများစွာကို သေကျေစေခဲ့တယ်။ ဂျူးလူမျိုး နှစ်သန်းကျော်ကို သတ်ဖြတ်ခဲ့တယ်။ ဒီအမှားတွေအပေါ် ဂျာမနီနိုင်ငံသား တစ်ဦးအနေဖြင့် အရှက်ရမိပါကြောင်း"** ပြောကြားခဲ့ပါတယ်။ ယနေ့လို (Globalization), (Global Village) ကမ္ဘာ့မိသားစုအချင်းချင်း (ကမ္ဘာ့ရွာကြီး)အဖြစ် ဆက်စပ်ပေါင်းခြုံနေတဲ့ လူယဉ်ခေတ်ကြီးမှာ လက်နက်အားကိုး လွှမ်းမိုးအနိုင်ယူ ဗိုလ်ကျစိုးမိုးလိုတဲ့ အပြုအမူတွေကို ကမ္ဘာ့ပြည်သူများ လက်မခံကြတော့ပါ။

တောင်အာဖရိကနိုင်ငံမှာ လူဖြူဒီကလပ်(စ်) အစိုးရနဲ့ ANC ပါတီ လူမည်းခေါင်းဆောင် နယ်လ်ဆင်မင်ဒဲလား တို့ ငြိမ်းချမ်းရေး ဆွေးနွေးပွဲကျင်းပနေစဉ်ကာလမှာ ANC ပါတီအဖွဲ့ဝင် ၃၀ ကျော် သတ်ဖြတ်ချေမှုန်းခံလိုက်ရတယ်။ ဒီအခါမှာ ANC ပါတီဝင်တွေက မကျေမနပ်ဖြစ်ပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲကိုဖျက်၊ အကြမ်းဖက် လက်နက်ကိုင် လမ်းကို ပြန်လျှောက်ဖို့ တောင်းဆိုခဲ့ကြတယ်။ နယ်လ်ဆင် မင်ဒဲလားက **"သေဆုံးသွားကြတဲ့ ရဲဘော်များအပေါ် သွေးရင်းသားရင်း ဆွေမျိုးရင်းချာပမာ စာနာစိတ်နဲ့ ဝမ်းနည်းကြေကွဲမိပါတယ်။ သို့သော် မူလလက်နက်ကိုင် အကြမ်းဖက်လမ်းကိုတော့ နောက်ကြောင်းပြန်မလှည့်လိုပါ။ ငြိမ်းချမ်းရေးဆွေးနွေးပွဲ အောင်မြင်ရေးကိုသာ ဆက်လက် ကြိုးစားဖို့ ရွေးရှူပါမယ်"** လို့ အမြော်အမြင်ကြီးမားတဲ့ နိုင်ငံရေးခေါင်းဆောင်ကောင်းပီသစွာ ခိုင်ခိုင်မာမာ ဆုံးဖြတ်ခဲ့ ပါတယ်။ ဒီမှန်ကန်တဲ့ သစ္စာတရားကြောင့် တောင်အာဖရိကနိုင်ငံဟာ အချိန်တိုအတွင်းမှာ ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်နိုင်ခဲ့ပြီး နိုင်ငံပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို တိုးမြှင့်ဖော်ဆောင် အောင်မြင်ခဲ့ပါတယ်။

မင်းသားမလုပ်ရလို့ ပတ်မကြီး ထိုးဖောက်ချင်သူတွေ၊ ပြည်သူတွေ သေကျေပျက်စီးမှုဟာ မိမိတို့ရဲ့ နိုင်ငံရေး အမြတ်ဖြစ်တယ်လို့ ယူဆနေသူတွေ၊ ပြည်သူတွေ ထိခိုက်နစ်နာမှုတွေ များလာရင် အုံကြွပြီး တည်ဆဲအစိုးရကို အကျပ်ကိုင် ဖြုတ်ချနိုင်မယ်လို့ စိတ်ကူးယဉ်နေသူတွေဟာ ယနေ့မြန်မာနိုင်ငံမှာ အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်နေတဲ့ အခြေအနေကောင်းတွေကို မကြားလို၊ မမြင်လိုရုံသာမဟုတ်ဘဲ လုံးဝမလိုလား မရှုဆိတ်သူတွေသာဖြစ်တယ်။ ဒါကြောင့် အကြမ်းဖက်အဖျက်သမား (Terrorist) တွေရဲ့ လူမဆန်စွာ ရက်စက်ယုတ်မာမှုကို ပြည်သူနဲ့ တပ်မတော် ပူးပေါင်းလက်တွဲ ချေမှုန်းတိုက်ဖျက်သွားကြရမှာပဲဖြစ်တယ်။

"အကြွင်းမဲ့ ငြိမ်းချမ်းရေးသာလျှင် လူမှုဖြစ်ပေါ် တိုးတက်ရေးကို အကျိုးပြုစေလျက် လက်နက်ကိုင် အကြမ်းဖက် (ထိပ်တိုက်ရင်ဆိုင်ဆန့်ကျင်မှု) ဟာ လူမှုဖြစ်ပေါ်တိုးတက်ရေးကို အကျိုးယုတ်စေပြီး ဆုတ်ယုတ်ကျဆင်းစေတယ်" လို့ လူမှုသိပ္ပံတရားက ဆိုပါတယ်။

"လက်နက်ကိုင် အကြမ်းဖက်လမ်းစဉ်ဟာ ကြမ်းကြုတ်ရက်စက်တဲ့ လူရိုင်းခေတ်ကို နောက်ကြောင်းပြန်လှည့်စေတယ်"

ယနေ့ တပ်မတော်အစိုးရရဲ့ ကြိုးစားအားထုတ်မှုကြောင့် တိုင်းရင်းသားလက်နက်ကိုင် ၁၇ ဖွဲ့ဟာ တပ်မတော်အစိုးရနဲ့ အပြန်အလှန်ယုံကြည်မှု တည်ဆောက်နိုင်ပြီး ငြိမ်းချမ်းရေးနဲ့လက်နက်လဲလှယ်၍ ပြည်တွင်းငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ခဲ့ကြတယ်။ ထိုမှတစ်ဆင့် အကြွင်းမဲ့ငြိမ်းချမ်းရေးဖြင့် ဒေသနဲ့ ဒေသခံတိုင်းရင်းသားများ ဖွံ့ဖြိုးတိုးတက်ရေးကို စတင်အကောင်အထည်ဖော်နေကြပြီဖြစ်ပါတယ်။ ဒီအပေါ်မှာ ပြည်သူအပေါင်းဟာ ဝမ်းမြောက်ဝမ်းသာ ပီတိဖြာနေကြပါတယ်။

ဒီလိုအခြေအနေမှာ ပြည်သူတွေရဲ့ အေးချမ်းသာယာမှု၊ ဖွံ့ဖြိုးတိုးတက်မှုတွေကို မရှုလို၊ မမြင်လို၊ ဖျက်လိုဖျက်ဆီးသဘောနဲ့ နိုင်ငံရေး၊ စီးပွားရေးတည်ငြိမ်မှုပျက်ပြားအောင် ၇-၅-၂၀၀၅ ရက်နေ့က ဗုံးခွဲသတ်ဖြတ်ပြီး ပြည်သူတွေ ကျီးလန့်စာစားဖြစ်စေလိုတဲ့ သဘောထားဟာ ခေတ်နောက်ကျတဲ့ လူ့အရိုင်းအစိုင်းတွေရဲ့ လုပ်ရပ်သဘောထားသာ ဖြစ်ပါတယ်။

ရောင်စုံသောင်းကျန်းသူတွေရဲ့ နှစ်ပေါင်း ၄၀ ကျော် ကျင့်သုံးခဲ့တဲ့ လက်နက်ကိုင်လမ်းစဉ်နဲ့ အကြမ်းဖက်ဝါဒကို ပြည်သူလူထုရဲ့ ထောက်ခံအားပေးမှုမရခဲ့တာကြောင့် ကျရှုံးကျေပျက်သွားခဲ့ရပါတယ်။ ကြမ်းကြုတ်ရက်စက်တဲ့ နည်းကိုသုံးပြီး နိုင်ငံရေးအောင်မြင်မှုရအောင် ကြိုးစားအားထုတ်မှုတိုင်းဟာ ပြည်သူလူထုရဲ့ ဆန့်ကျင်မှုကိုခံရမှာ ဧကန်မလွဲဖြစ်ပါတယ်။

နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး (ဒီမိုကရေစီအခြေခံအုတ်မြစ်) ခိုင်မာအောင်ဖော်ဆောင်လျက် ကုန်လုပ်စွမ်းအားစုတွေ (တိုင်းရင်းသား ပုဂ္ဂလိကလုပ်ငန်းရှင်များ ဖွံ့ဖြိုးတိုးတက်မှု၊ အလုပ်သမား၊ လယ်သမားတွေ ဖွံ့ဖြိုးတိုးတက်မှု၊ စက်မှုနဲ့ စိုက်ပျိုးရေးစီမံကိန်းကြီးများ ဖွံ့ဖြိုးတိုးတက်မှုဖြစ်ပေါ်စေမှု)၊ ကုန်လုပ်စွမ်းအားစု မြင့်မားတိုးတက်မှုနဲ့အတူ ကုန်လုပ်ဆက်ဆံရေး (နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု) တွေ လိုက်ပါမြင့်မားတိုးတက်လာပြီး စည်းကမ်းပြည့်ဝခိုင်မာတဲ့ ဒီမိုကရေစီအသွင် ကူးပြောင်းရေးဖော်ဆောင်မှုကိုသာ ပြည်သူလူထုက ထောက်ခံကြမှာဖြစ်ပါတယ်။

အရှေ့အလယ်ပိုင်း ပဋိပက္ခဖြစ်ပွားမှုကြောင့် တစ်ဖက်နဲ့တစ်ဖက် တိုက်ခိုက်သတ်ဖြတ်နေကြရာမှာ ခေါင်းဆောင်တစ်ဦးက **"ဒို့တစ်တွေရဲ့ဘဝဟာ သေနတ်နဲ့ ချောင်းမြောင်းပစ်ခတ်တာ ခံရမလား၊ ဗုံးခွဲသတ်ဖြတ်တာ ခံရမလား ဆိုတဲ့ စိုးရိမ်စိတ်တွေနဲ့ နေ့စဉ်နဲ့အမျှ နာရီမလပ် ခံစားနေရတယ်။ ဒီလိုကြမ္မာဆိုးတွေ ဆက်လက်မခံစားစေရအောင် အားလုံးစုပေါင်း ကြိုးစားအဖြေရှာရမယ်၊ ဒီလိုကြမ္မာဆိုးတွေကို ဒို့ရဲ့ မျိုးဆက်သစ် သားစဉ်မြေးဆက်တွေအပေါ် ပခုံးပြောင်း လက်ဆင့်ကမ်းမပေးခဲ့နိုင်အောင် ကြိုးစားရမယ်"** လို့ ပြောကြားခဲ့ပါတယ်။

မင်းသားမလုပ်ရလို့ ပတ်မကြီး ထိုးဖောက်ချင်သူတွေ၊ ပြည်သူတွေ သေကျေပျက်စီးမှုဟာ မိမိတို့ရဲ့ နိုင်ငံရေး အမြတ်ဖြစ်တယ်လို့ ယူဆနေသူတွေ၊ ပြည်သူတွေ ထိခိုက်နစ်နာမှုတွေများလာရင် အုံကြွပြီး တည်ဆဲအစိုးရကို အကျပ်ကိုင် ဖြုတ်ချနိုင်မယ်လို့ စိတ်ကူးယဉ်နေသူတွေဟာ ယနေ့မြန်မာနိုင်ငံမှာ အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်နေတဲ့ အခြေအနေကောင်းတွေကို မကြားလို၊ မမြင်လိုရုံသာမဟုတ်ဘဲ လုံးဝမလိုလား မရှုဆိတ်သူတွေသာဖြစ်တယ်။ ဒါကြောင့် အကြမ်းဖက် အဖျက်သမား (Terrorist) တွေရဲ့ လူမဆန်စွာ ရက်စက်ယုတ်မာမှုကို ပြည်သူနဲ့တပ်မတော် ပူးပေါင်းလက်တွဲ ချေမှုန်းတိုက်ဖျက်သွားကြရမှာပဲဖြစ်တယ်။

"ပြည်သူ့အင်အားသည် နိုင်ငံ့အင်အားဖြစ်သည်"

ပြည်သူများအနေနဲ့ **"နိုင်ငံတော် ကာကွယ်ရေးတာဝန်သည် နိုင်ငံသားတိုင်း၏ မွေးရာပါတာဝန်ဖြစ်သည်"** လို့ခံယူပြီး မသင်္ကာဖွယ်ရာကိစ္စများ၊ ထူးခြားတဲ့ဖြစ်ရပ်များကို တွေ့ရှိကြားသိရပါက နီးစပ်ရာ လုံခြုံရေးအဖွဲ့အစည်းများထံ အမြန်ဆုံး သတင်းပို့ခြင်းဖြင့် နိုင်ငံတော်နဲ့ မိမိတို့ပြည်သူလူထု အန္တရာယ်အသွယ်သွယ် မကျရောက်အောင် ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ကြပါရန် တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။ ။

MRTV-4 ရုပ်မြင်သံကြား အစီအစဉ်

၂၀-၅-၂၀၀၅ (သောကြာနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်
၇း၁၀	သံပုံထောင်းခြင်းဆိုင်ရာနည်းပညာ
၇း၂၀	ပြည်တွင်းသတင်းအကျဉ်း
၇း၂၅	ဂီတဆည်းဆာတေးသံသာ
၈း၀၅	လယ်ယာစိုက်ပျိုးရေးကဏ္ဍအတွက် သိမှတ်စရာအဖြာဖြာ
၈း၂၀	တေးဂီတအစီအစဉ်
၈း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၈း၃၀	ရှားပါးသော ရေချိုရေငန်စပ်မိကျောင်းများ
၈း၄၀	တေးဂီတအစီအစဉ်
၈း၄၅	UEFA Stories Euro 1984
၉း၂၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅	တေးဂီတအစီအစဉ်
၉း၃၀	နွယ်မြက်သစ်ပင်ဆေးဖက်ဝင်
၉း၄၀	မိုးလေဝသခန့်မှန်းချက်
၉း၄၅	တေးဂီတအစီအစဉ်
၉း၅၀	နိုင်ငံတကာပိုက်ကျော်ခြင်းပြိုင်ပွဲ
၁၀း၃၀	တေးဂီတအစီအစဉ်
၁၀း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၄၀	ရေဆေးချက်စရာမလိုတဲ့ဆန်
၁၀း၅၅	တေးဂီတအစီအစဉ်
၁၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ (၄)နာရီစာ အစီအစဉ်များကို ည ၂၃း၀၀ နာရီအထိ (၄)ကြိမ် ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

ရွှေပြည်သာမြို့ ၆/၁၀ ရပ်ကွက် ချင်းတွင်းလမ်း မန္တလေးကျောင်းတိုက်မှ တိုက်အုပ်ဆရာတော် ဦးသုစိတ္တ (မင်းဟိန်းထိဝ်)က နာရေးကူညီမှုအသင်း (ရွှေပြည်သာ)သို့ ဒုတိယအကြိမ် အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ အသင်း အတွင်းရေးမှူး ဦးမျိုးသက်အောင် (မြန်စာချစ်) နှင့် ဘဏ္ဍာရေးမှူး ဦးတင်ထွန်း တို့ လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာဆက်ကပ်စဉ်။ (က-ပ)

အထက(၁) ဒဂုံ၌ မီးဘေးကာကွယ်ရေး သရုပ်ပြ

ရန်ကုန် မေ ၁၉

ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ ဆရာ၊ ဆရာမများနှင့် ဝန်ထမ်းများအား မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြပွဲကို အဆိုပါ ကျောင်းပန်းခြံအတွင်းရှိ တင်းနစ်ကွင်းတွင် မေ ၁၈ရက် နံနက် ၉နာရီခွဲက ကျင်းပသည်။

ရှင်းလင်းပြသ

အဆိုပါ မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးသရုပ်ပြပွဲတွင် မြန်မာသိဟကုမ္ပဏီမှ တာဝန်ရှိသူများက အရေးပေါ်မီးငြိမ်းသတ်ရန်အတွက် မီးသတ်ဆေးဘူးများ ကိုင်တွယ်အသုံးပြုသည့် နည်းစနစ်များကို သရုပ်ပြရှင်းလင်းပြသကြသည်။ (ကြေးမုံ)

မေတ္တာသွေးလှူရှင်များ သွေးလှူဒါန်းနိုင်

ရန်ကုန် မေ ၁၉

ဆေးရုံအသီးသီး၌ သွေးလိုနေသောဝေဒနာရှင်များအား မေတ္တာသွေးစက်ဖြင့် အသက်ကယ်နိုင်ရန် (၈၈)ကြိမ်မြောက် ဒါနဉပပါရမီ၊ ဒါနပရမတ္ထပါရမီ မေတ္တာသွေးလှူဒါန်းပွဲကို ဗိုလ်တထောင်စေတီတော် ဆိပ်ကမ်းဓမ္မာရုံကြီး၌ မေတ္တာဖြူပြာအဖွဲ့ကကြီးမှူး၍ ဇွန် ၅ရက် နံနက် ၈နာရီခွဲတွင် စတင်ကျင်းပမည်ဖြစ်ရာ မိမိတို့၏ မေတ္တာသွေးစက်ဖြင့် ခုနစ်ရက်သားသမီးများ ကျန်းမာစေရန် သွေးလှူဒါန်းလိုသူ မေတ္တာသွေးလှူရှင်တိုင်း လာရောက်လှူဒါန်းနိုင်သည်။ (သတင်းစဉ်)

သွေးတိုးရောဂါ ကာကွယ်ထိန်းသိမ်းပါ

၁။ ကိုယ်အလေးချိန်ပုံမှန်ဖြစ်ရန် ထိန်းသိမ်း၍ အဝ မလွန်အောင် နေထိုင်စားသောက်ပါ။
၂။ ပုံမှန်ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ပါ။ နေ့စဉ် နာရီဝက်၊ တစ်နာရီခန့် ခပ်သွက်သွက် လမ်းလျှောက်ခြင်းကဲ့သို့သော ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်ပါ။
၃။ ဟင်းသီးဟင်းရွက်၊ အသီးအနှံများများ စားသုံးပါ။
၄။ စိတ်ဖိစီးမှု နည်းပါးအောင် နေထိုင်ပါ။
၅။ အငန်ဓာတ်ပါသော ငါးပိ၊ ငါးခြောက်၊ ဟင်းချိုမှုန့် စသည့် အစားအစာများကို ရှောင်ကြဉ်ပါ။
၆။ အဆီကို လွန်ကဲစွာစားသုံးခြင်းမှ ရှောင်ကြဉ်ပါ။
၇။ အရက်ကို အလွန်အကျွံသောက်သုံးခြင်းမှ ရှောင်ကြဉ်ပါ။
၈။ ဆေးလိပ်သောက်ခြင်းကို ရှောင်ကြဉ်ပါ။
၉။ သွေးတိုးရောဂါရှိပါက သွေးပေါင် မှန်မှန်ချိန်၍ စနစ်တကျ ဆေးကုသမှုခံယူပါ။

ကျန်းမာရေးဝန်ကြီးဌာန

News.P65 6 20/5/05, 1:57 am

မုံရွာမြို့ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ လှုံ့ဆော်ရေး မြေစိုက်ပိုစတာစိုက်ထူပွဲ အခမ်းအနားကျင်းပ

ရန်ကုန် မေ ၁၉

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အတူ မေ ၁၅ ရက်နံနက် ၇နာရီတွင် မုံရွာမြို့ မြို့တော်ခန်းမရှေ့၌ ကျင်းပသည့် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ (၂၀၀၅) လှုံ့ဆော်ရေး မြေစိုက်ပိုစတာ စိုက်ထူပွဲအခမ်းအနားသို့ တက်ရောက်သည်။

အစီအစဉ်အရ စစ်ကိုင်းတိုင်းစစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ (၂၀၀၅)ခုနှစ် လှုံ့ဆော်ရေးမြေစိုက်ပိုစတာကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးပြီး စစ်ကိုင်းတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များက မြေစိုက်ပိုစတာ စုပေါင်းစိုက်ထူကြကာအခမ်းအနားကိုရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ရထားပို့ဆောင်ရေး ဒုတိယဝန်ကြီး ဦးဖေသန်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးများသို့ တက်ရောက်

ရန်ကုန် မေ ၁၉

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းသည် မေ ၁၇ရက် နံနက် ၉နာရီတွင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန (ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပသည့် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ဂုဏ်ပြုဆု

ဆက်လက်၍ ဒုတိယဝန်ကြီးသည် လုပ်ငန်းစွမ်းဆောင်ရည် အမြင့်ဆုံး ဆောင်ရွက်နိုင်ခဲ့သည့် ပြည်နယ်ရုံး၊ တိုင်းရုံးနှင့်ခရိုင်ရုံးများ၏ တာဝန်ခံများအား ဂုဏ်ပြုဆုများ အသီးသီးချီးမြှင့်သည်။

အမှာစကားပြောကြား

ထို့နောက် ဒုတိယဝန်ကြီးသည် ဗိုလ်တထောင်မြို့နယ်ရှိ အခြေစိုက် အလုပ်ရုံအမှတ်(၁)အစည်းအဝေးခန်းမ၌ကျင်းပသည့် ကုန်းလမ်းပို့ဆောင်ရေး၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကား ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် နိုင်ငံတော်က ချီးမြှင့်သည့် စီမံထူးချွန်၊ စက်မှုစီးပွားထူးချွန်၊ လူမှုထူးချွန်ရရှိသူများအားဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ပြီး စွမ်းဆောင်ရည်ထူးချွန်ဆုရရှိကြသော ကုန်စည်ပို့ဆောင်ရေးဌာနနှင့် ခရီးသည်ပို့ဆောင်ရေးဌာနများ၏ ဌာနတာဝန်ခံများအားလည်း ဂုဏ်ပြုဆုများ ချီးမြှင့်သည်။ (သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် မေ ၁၉

ပဲခူးတိုင်း တောင်ငူခရိုင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မေ ၁၄ ရက် နံနက် ၉ နာရီတွင် တောင်ငူမြို့ ခပေါင်းခန်းမ၌ကျင်းပရာ တောင်ငူခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရဲမြင့်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးထွန်းရီက ပြိုင်ပွဲနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဖွင့်လှစ်ပေး

အဆိုပါဖွင့်ပွဲအခမ်းအနားကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရဲမြင့်က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ကွန်ပျူတာပိုစတာ ပန်းချီပြိုင်ပွဲကို မေ ၁၅ ရက်တွင် ပညာရေးကောလိပ်ခန်းမ၌ ဆက်လက်ကျင်းပသည်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းအား ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ Interink ပုံနှိပ်စက်ရုံမှ International Marketing Executive & Technical Engineer, Mr. Hideo Sato နှင့် အဖွဲ့ဝင်များ ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းအား ထိုင်းနိုင်ငံ ပုံနှိပ်စက်ရုံအဖွဲ့ တွေ့ဆုံ

ရန်ကုန် မေ ၁၉

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းအား ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ Interink ပုံနှိပ်စက်ရုံမှ International Marketing Executive & Technical Engineer, Mr. Hideo Sato နှင့် အဖွဲ့ဝင်များသည် ယနေ့ မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တက်ရောက်

ယင်းသို့တွေ့ဆုံရာတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဋ္ဌေး၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ခေတ္တဦးဆောင်ညွှန်ကြားရေးမှူးဗိုလ်မှူးကြီးအောင်ငြိမ်း၊ သတင်းနှင့် စာနယ်ဇင်း လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဘိုကြည်၊ ရုံးအဖွဲ့မှူး ဦးရဲတင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

ဂန့်ဂေါခရိုင်လုံးကျွတ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များဖွင့်လှစ်

ရန်ကုန် မေ ၁၉

ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူး၍ ဂန့်ဂေါမြို့နယ် ကျွန်းခုံသာရွာ ကိုယ့်အားကိုယ်ကိုး နှလုံးလှစာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၂၉ရက်တွင် အဆိုပါစာကြည့်တိုက်၌ကျင်းပရာ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးဖေတင်နှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူးဒေါ်အေးအေးတို့က ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ကျေးရွာဥက္ကဋ္ဌက စာကြည့်တိုက်ငွေပဒေသာပင်အဖြစ် ငွေကျပ် ၃၀၀၀၀နှင့် စာအုပ်မျိုးစုံ ၃၃၅အုပ်တို့ကို စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌထံသို့ ပေးအပ်လှူဒါန်းသည်။

ဂန့်ဂေါခရိုင်အတွင်းရှိ ရပ်ကွက်/ကျေးရွာအားလုံးတို့၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ခရိုင်လုံးကျွတ် ဖွင့်လှစ်နိုင်ပြီးဖြစ်ရာ ဂန့်ဂေါမြို့နယ်၌ စာကြည့်တိုက် ၁၁၉ခု၊ ထီးလင်းမြို့နယ်၌ စာကြည့်တိုက် ၉၅ခု၊ ဆောမြို့နယ်၌ စာကြည့်တိုက် ၇၅ခု၊ ကျောက်ထုမြို့နယ်၌ စာကြည့်တိုက် ၄၅ခုတို့ ဖွင့်လှစ်ပြီးဖြစ်သည်။ (သတင်းစဉ်)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့

၂၀၀၅ခုနှစ်၊ မေလ (၁၇)ရက်နေ့ထိ နိုင်ငံအဝန်းတွင်ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၁၇၁၁၆)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ရသစာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

အောင်မြင်သူတို့ရဲ့ အပြုအမူစာအုပ်ထုတ်ဝေ

ရန်ကုန် မေ ၁၉

ချစ်နိုင်(စိတ်ပညာ)၏ ၄၉ အုပ်မြောက် စာအုပ်ဖြစ်ပြီး နိုင်ငံ့ဂုဏ်ရည်၊ ပို့ဆောင်ရေး၊ ကနောင်၊ ရာပြည့်စသည့် ဂျာနယ်၊ မဂ္ဂဇင်းများစွာထဲမှ လူငယ်စိတ်ဓာတ်မြှင့်တင်ရေး၊ လူငယ်များ ကြီးပွားရေးတို့အတွက် ဆောင်းပါး ၁၅ပုဒ်ကို စုစည်းထုတ်ဝေသည့် စာအုပ်ဖြစ်သည်။ ထိုစာအုပ်ကို နိုင်စာပေ အမှတ်(၂၂) ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့ ဖုန်း-၃၇၉၇၇၀ နှင့် ဖုန်း-၂၅၂၄၅၀ တို့မှ တစ်နိုင်ငံလုံးကို ဖြန့်ချိကြောင်းသိရသည်။ (က-ပ)

မိုးဦးကျနှင့် မိုးရာသီတွင်ဖြစ်ပွားတတ်သော ရောဂါများအတွက် နှိုးဆော်ချက်

၁။ မိုးဦးကျရာသီတွင်အောက်ဖော်ပြပါ ကူးစက်တတ်သောရောဂါများ ပုံမှန်ဖြစ်ပွားလေ့ရှိပါသည်-

- (က) ဝမ်းပျက်ဝမ်းလျှောနှင့် ကာလဝမ်းရောဂါများအပါအဝင် ဝမ်းနှင့်ပတ်သက်သည့်ရောဂါများ၊ အသည်းရောင် အသားဝါရောဂါနှင့် သန်ကောင်၊ တုပ်ကောင်ရောဂါများ။
- (ခ) သွေးလွန်တုပ်ကွေးနှင့်ငှက်ဖျားရောဂါ
- (ဂ) တုပ်ကွေး၊ နှာစေးချောင်းဆိုးနှင့် အဆုတ်အအေးမိရောဂါ။

၂။ ဖြစ်ပွားရသည့်အကြောင်းရင်းမှာ-

- (က) မိုးဦးကျလာပြီဖြစ်၍ လှိုင်လှိုင်ပေါလာသည့် အချိုဓာတ်ပါသော သရက်သီး၊ ပိန္နဲသီး၊ ဖရဲသီး၊ ကြက်မောက်သီး၊ မင်းဂွတ်သီး စသည့် သစ်သီးဝလံများ၏အခွံ၊ အစေ့ စသည်များကို စည်းကမ်းမဲ့ မဆင်မခြင် စွန့်ပစ်ခြင်းကြောင့် ယင်ပေါက်ပွား၍ ယင်ပေါများခြင်း။
- (ခ) ရာသီစာ အမှည့်လွန်အသီးများကို စားသုံးခြင်း။
- (ဂ) မိုးရွာပြီး ရေတင်၊ ရေဝပ်သဖြင့်ရေအိုင်၊ ရေဗွက်ဖြစ်၍ ရေမြောင်း ပိတ်ခြင်းနှင့် ချုံနွယ်ပိတ်ပေါင်းထူထပ်၍ ခြင်ပေါက်ပွားခြင်း။
- (ဃ) ရာသီဥတုအပြောင်းအလဲဖြစ်၍ အပူရှပ်ခြင်း၊ အအေးပတ်ခြင်း။
- (င) ပတ်ဝန်းကျင်သန့်ရှင်းမှုနှင့် တစ်ကိုယ်ရေသန့်ရှင်းမှုနည်းပါးခြင်း။
- (စ) ကျန်းမာရေးနှင့်ညီညွတ်သည့် အသိပညာနှင့် အလေ့အကျင့် အားနည်းခြင်း။

၃။ အောက်ဖော်ပြပါတို့ကို လိုက်နာကျင့်သုံးခြင်းဖြင့် ဖော်ပြပါ ရောဂါများ ကူးစက်ပျံ့နှံ့ခြင်းမှ ကာကွယ်တားဆီးနိုင်မည်ဖြစ်ကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်-

- (က) အမှည့်လွန်အသီးများကိုစားသုံးခြင်းမှ ရှောင်ကြဉ်ပါ။
- (ခ) ယင်နားစာများကို မဆင်မခြင်စားသုံးခြင်းမှ ရှောင်ကြဉ်ပါ။
- (ဂ) စားကြွင်းစားကျန် အမှိုက်သရိုက်များနှင့် အညစ်အကြေးများကို စည်းကမ်းမဲ့စွန့်ပစ်ခြင်းမှ ရှောင်ကြဉ်ပါ။
- (ဃ) မိမိတို့မိသားစုအတွင်း ကျန်းမာရေးအသိပညာဖြန့်ဝေပါ။ လိုက်နာကျင့်သုံးပါ။
- (င) တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုပြုလိုက်နာ ဆောင်ရွက်ပါ။
- (စ) ရေကို ကျိုချက်၍သောက်ပါ။
- (ဆ) လတ်ဆတ်သန့်ရှင်းသည့် အသီးအနှံနှင့် အစားအစာများကို ပူပူနွေးနွေး ချက်ပြုတ်စားသုံးပါ။
- (ဇ) ရာသီဥတု၊ အပူအအေးအပြောင်းအလဲကို သတိရှိပါ။
- (ဈ) ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းနှင့် ခြင်၊ ယင်နှိမ်နင်းရေးလုပ်ငန်းများကို အမျိုးသားရေးအမြင်ဖြင့် ဝိုင်းဝန်းစုပေါင်းဆောင်ရွက်ပါ။
- (ည) ရောဂါတစ်မျိုးမျိုး ဖြစ်ပွားပျံ့နှံ့လာပါက ကျန်းမာရေးဌာနသို့ အမြန်ဆုံးသတင်းပို့ပါ။
- (ဋ) လိုအပ်ပါက နီးရာဆေးပေးခန်း၊ ဆေးရုံများသို့ အချိန်မီသွားရောက်ပြသစစ်ဆေးကုသမှု ခံယူပါ။

ကျန်းမာရေးဝန်ကြီးဌာန။

ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ ချီးကျူးပူဇော်ပွဲ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင် တက်ရောက်ကြည်ညို

ရန်ကုန် မေ ၁၉

ဧရာဝတီတိုင်းအတွင်းမှ ၂၀၀၅ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ ဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားကို မေ ၁၈ရက် နံနက် ၈နာရီက ပုသိမ်မြို့သာသနာ့ဗိမာန်တော်၌ ကျင်းပရာ ရှေးဦးစွာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့်ဇနီး၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် တင့်ဆွေနှင့်တပ်မတော်အရာရှိကြီးများ၊ တိုင်းအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး သိန်းလှိုင်နှင့် ကောင်စီဝင်များ၊ တိုင်း၊ ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များက သာသနာ့ဗိမာန်ဝင်းအတွင်း စင်္ကြံတစ်လျှောက် နေရာယူကြပြီး သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၂၆ပါးတို့အား ဆွမ်းဆန်စိမ်းများ လောင်းလှူပူဇော်ကြသည်။

သီဆိုပူဇော်

ယင်းနောက် အခမ်းအနားကို သာသနာ့ဗိမာန်တော်ခန်းမဆောင်ကြီးတွင် ဆက်လက်ကျင်းပရာ ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး တိုင်းသာသနာရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြသိန်းက အခမ်းအနားဖွင့်လှစ်စာတမ်းကို ဖတ်ကြားလျှောက်ထား၍ မင်္ဂလာဘိသေကပညာရှင် ဦးထိန်လင်းက ဝိသိဋ္ဌဂုဏပူဇာ သြဘာစာကို ဖတ်ကြားပြီး ပုသိမ်မြို့မှ အဆိုပညာရှင် ဒေါ်စန်းညွန့်က ဂုဏ်ပြုပူဇော်ခြင်း ရတုပိုဒ်စုံဖြင့် သီဆိုပူဇော်သည်။

လျှောက်ထား

ထို့နောက် တိုင်းမှူးနှင့် ပရိသတ်များက နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် မအူပင်မြို့နယ် သိုက်ကုန်းကျောင်း ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဉာဏဒီပ ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများက ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူပြီးနောက် တိုင်းမှူးက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ဆက်လက်၍ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများထံ ဂုဏ်ပြုလွှာများနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ပုသိမ်မြို့ နိကြောဓာရုံ ညောင်ပင်သာကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တဝိသုတက အနုမောဒနာတရား ချီးမြှင့်တော်မူပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်းရပ်သိမ်းပြီးနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ကဆုန်ညောင်ရေသွန်းပွဲတော် ကျင်းပမည်

ရန်ကုန် မေ ၁၉

ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်မြတ်ကြီး၌ ၁၃၆၇ခုနှစ် ကဆုန်လပြည့် (ဗုဒ္ဓနေ့)၊ မေ ၂၂ ရက် (တနင်္ဂနွေနေ့) နံနက်ပိုင်းတွင် ကဆုန်ညောင်ရေသွန်းပွဲတော် ဖွင့်ပွဲအခမ်းအနား ကျင်းပပြီး ယင်းနေ့ နံနက်ပိုင်းမှ ညပိုင်းအထိ ကဆုန်ညောင်ရေ သွန်းလောင်းပူဇော်နိုင်ရန် ဇောဓိပင်၌ အမွှေးနံ့သာ၊ အောင်သပြေ၊ တာအိုး၊ ဖယောင်းတိုင်၊ အမွှေးတိုင်များ စီစဉ်ထားမည်ဖြစ်ပြီး ကဆုန်လပြည့်(ဗုဒ္ဓနေ့) ကဆုန်ညောင်ရေသွန်းပွဲ တော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း မကွေးတိုင်းအတွင်းရှိ ဘွက်ကြီးတံတား တည်ဆောက်ရေးလုပ်ငန်းခွင်၌ ကြည့်ရှုစစ်ဆေးစဉ်။ (ဆောက်လုပ်ရေး)

ဘွက်ကြီးတံတား တည်ဆောက်ရေး စီမံကိန်းလုပ်ငန်း ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ကြည့်ရှုစစ်ဆေး မှာကြား

ရန်ကုန် မေ ၁၉

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းတို့သည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ လိုက်ပါ၍ မေ ၈ ရက် နံနက်ပိုင်းတွင် မကွေးတိုင်း အောင်လံမြို့နယ် ရန်ကုန်-ပြည်-မန္တလေးလမ်းပေါ်ရှိ တံတားအမှတ် (၄/၂၁၂) ဘွက်ကြီးတံတား တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

မှာကြား

စီမံကိန်းလုပ်ငန်းခွင်ရုံး ရှင်းလင်းခန်းမတွင် တံတားတည်ဆောက်ရေး အထူးအဖွဲ့(၁)မှ ဒုတိယအင်ဂျင်နီယာချုပ်(တံတား) ဦးမြင့်လွင်က တံတားတည်ဆောက်မည့် အစီအမံနှင့် လုပ်ငန်းပြီးစီးမှုများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက ဧရာဝတီတံတား (ရတနာပုံ)မှ ဘိုးပိုင်စက်ဖြည့်ဆည်းပေးမည့် အစီအစဉ်နှင့် လာမည့်မိုးရာသီတွင် ရေတက်သည့် ပမာဏ၊ တူးဖော်ထားသည့် ရေခေါ်တူးမြောင်း (Pilot Channel) မှ ရေစီးမှုတို့ စောင့်ကြည့်မှတ်သားရန်နှင့် တည်ဆောက်ရေးပစ္စည်းများ အလေအလွင့်နည်းစွာဖြင့် ဆောင်ရွက်ရန်၊ လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေး ကြပ်မတ်ဆောင်ရွက်ကြရန် မှာကြားသည်။

ထွက်ခွာ

ထို့နောက် ပြည်ဘက်ခြမ်းရှိ ချဉ်းကပ်တံတားတိုင် PP 6 ၌ ဘိုးပိုင် ကွန်ကရစ် သွန်းလောင်းခြင်းကို ကြည့်ရှုစစ်ဆေးပြီး ပြည်မြို့သို့ ထွက်ခွာသည်။

ဘွက်ကြီးတံတားမှာ စုစုပေါင်း အရှည်ပေ ၁၇၇၀ရှိပြီး ပင်မတံတားတွင် ပေ ၁၀၀ ကြိုတင်အားဖြည့် သံကူကွန်ကရစ် ရက်မခြောက်ခန်းနှင့် ချဉ်းကပ်တံတားတွင် ၆၅ ပေ သံကူကွန်ကရစ် ရက်မ ၁၈ ခန်း ပါဝင်သည့် နှစ်လမ်းသွား ယာဉ်သွားလမ်း ၂၈ပေနှင့် လူသွားလမ်း တစ်ဖက်လျှင် သုံးပေစီ ပါရှိသည့် သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်သည်။

ဆောင်ရွက်

ယခုအခါ ပြည်ဘက်ချဉ်းကပ်တံတားမှ တံတားတိုင်နှစ်ခု ပြီးစီး၍ ကျန်တိုင်များတွင် ဘိုးပိုင်တူးခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည်။

(သတင်းစဉ်)

ထူးခြားသည့် နေ့အပူချိန်များ

(၁၉-၅-၂၀၀၅)

မုံရွာ၊ မန္တလေး၊ ညောင်ဦး၊ မင်းဘူး၊ မကွေးနှင့် ပခုက္ကူ

၄၄ ဒီဂရီစင်တီဂရိတ်

(၁၁၁ ဒီဂရီဖာရင်ဟိုက်)

တြိဂံဒေသတိုင်းစစ်ဌာနချုပ်စခန်းရုံး မိခင်/ကလေးအသင်းခွဲ သက်ကြီးရွယ်အိုများ မျက်စိကျန်းမာရေး စောင့်ရှောက်ပေး

ရန်ကုန် မေ ၁၉

တြိဂံဒေသတိုင်းစစ်ဌာနချုပ်စခန်းရုံး မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲမှ သက်ကြီးရွယ်အိုများ မျက်စိကျန်းမာရေးစောင့်ရှောက်ပေးခြင်း အခမ်းအနားကို မေ ၁၆ ရက် မွန်းလွဲ ၁ နာရီက တိုင်းစစ်ဌာနချုပ် ပြည်ငြိမ်းအေးခန်းမ၌ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဇနီး ဒေါ်ခင်ပြုံးဝင်း၊ ပြည်နယ်အထူးကုဆရာဝန်ကြီးများ၊ စခန်းရုံး မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် အရာရှိ၊ စစ်သည်မိသားစုဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူး၏ဇနီး ဒေါ်ခင်ပြုံးဝင်းက အမှာစကားပြောကြားပြီး ကျိုင်းတုံမြို့ အထွေထွေရောဂါကုဆေးရုံကြီးမှ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်ခင်စန္ဒာမြင့်က မျက်စိကျန်းမာရေးဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် တွဲဖက်ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမြင့်အောင်နှင့် မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာ ဒေါ်ခင်စန္ဒာမြင့်ဦးဆောင်သောအဖွဲ့က တိုင်းစစ်ဌာနချုပ် စခန်းရုံးရှိ သက်ကြီးရွယ်အိုများ၊ စစ်သည်များ စုစုပေါင်း ၅၃ဦးတို့အား မျက်စိစမ်းသပ်ပေးခြင်း၊ မျက်မှန်များ ရွေးချယ်စမ်းသပ်တပ်ဆင်ပေးခြင်းများကို ဆောင်ရွက်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံတောင်ပိုင်းသို့ အနောက်တောင်မုတ်သုံလေ ဝင်ရောက်နိုင်

ရန်ကုန် မေ ၁၉

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်သာရှိမည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းသို့ အနောက်တောင်မုတ်သုံလေ ဝင်ရောက်နိုင်သည်။

ကယားပြည်နယ် စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံလှုံ့ဆော်ရေး မြေစိုက်ပိုစတာစိုက်ထူ

ရန်ကုန် မေ ၁၉

ကယားပြည်နယ်စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ(၂၀၀၅) လှုံ့ဆော်ရေး မြေစိုက်ပိုစတာ စိုက်ထူပွဲကို ကယားပြည်နယ် လွိုင်ကော်မြို့ မင်းစုရပ်ကွက် မီးပွိုင့်အနီး၌ မေ ၉ရက် နံနက် ၈နာရီခွဲတွင်ကျင်းပရာပြည်နယ် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးတင်ထွန်းနှင့် ခရိုင်စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ လွိုင်ကော်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းမောင်တို့က မြေစိုက်ပိုစတာ စိုက်ထူပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်နယ် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့နာယက၊ ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးလှမြင့်ရွှေက မြေစိုက်ပိုစတာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ မြေစိုက်ပိုစတာ စိုက်ထူပွဲ အခမ်းအနားသို့ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။ (သတင်းစဉ်)

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်၌ ရွှေရင်အေး နွေစပါးစံပြကွက်ရိတ်သိမ်းပွဲ ကျင်းပ

ရန်ကုန် မေ ၁၉

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ရွှေရင်အေး နွေစပါး စံပြကွက်ရိတ်သိမ်းပွဲ အခမ်းအနားကို မေ ၁၇ရက် နံနက် ၈နာရီက ကျိုင်းတုံမြို့နယ် ယန်းလောကျေးရွာအုပ်စု ဝမ်ကတ်ကွင်းမြို့အဝင် စံပြကွက်ဧက ၂၀၀ စိုက်ခင်းယာယီမဏ္ဍပ်၌ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျိုင်းတုံမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများမှ နွေစပါးစိုက်တောင်သူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

အစီအစဉ်အရ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဒုတိယမန်နေဂျာ ဦးအောင်ကျော်မြင့်က ရှမ်းပြည်နယ်(အရှေ့ပိုင်း) အတွင်း နွေစပါး စိုက်ပျိုးဖြစ်ထွန်းမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုအားပေး

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က စိုက်ပျိုးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းမှာကြားပြီး မြို့ဝင်စံပြကွက် ဧက ၂၀၀ စိုက်ကွင်းအတွင်း ရွှေရင်အေးမျိုး ယှဉ်ပြိုင်စမ်းသပ်ကွက်၊ ဓာတ်မြေဩဇာသုံးစွဲမှု ယှဉ်ပြိုင်စမ်းသပ်ကွက်များနှင့် နွေစပါး စိုက်ကွင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ ရွှေရင်အေး နွေစပါးတစ်ဧက စံပြကွက်ကို စက်ဖြင့် ရိတ်သိမ်းနေမှု၊ ခြွေလှေ့နေမှုများကို ကြည့်ရှုအားပေးသည်။

ရှမ်းပြည်နယ် (အရှေ့ပိုင်း)တွင် ၂၀၀၅ခုနှစ် နွေစပါးလျာထား ဧကမှာ ဧက ၂၀၀၀၀ ဖြစ်ပြီး ၂၀၀၉၃ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်းနှင့် အဆိုပါ နွေစပါးစံကွက် ရိတ်သိမ်းမှုတွင် တစ်ဧကလျှင် ၁၃၃ဒသမ ၃၄တင်း ထွက်ရှိကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် တိုင်းစစ်ဌာနချုပ် နွေစပါးစိုက်ကွင်းနှင့် စိန်တစ်လုံးသရက် စိုက်ပျိုးရေးခြံသို့ လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

(သတင်းစဉ်)

သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ရေနံချောင်း စက်မှုဇုန် ပင်းနံ့သာ စက်မှုကုန်ထုတ်သမဝါယမအသင်းက ထုတ်လုပ်သော သုံးဘီးမော်တော်ဆိုင်ကယ်များ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့ရန် စီစဉ်ထား ရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သမဝါယမ)

ရေနံချောင်း စက်မှုဇုန်ထုတ် သုံးဘီးမော်တော်ဆိုင်ကယ်များ တင်ပို့ရောင်းချမှု ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၁၉

ရေနံချောင်းစက်မှုဇုန်တာဝန်ခံ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် မေ ၁၀ရက် နံနက် ၁၀နာရီတွင် ဒေါပုံမြို့နယ် မြို့ပတ်လမ်း သင်္ဘောကျင်းရပ်ကွက် အမှတ် ၈/စီ၊ A-2 ဝင်းအတွင်း၌ ရေနံချောင်းစက်မှုဇုန် ပင်းနံ့သာစက်မှုကုန်ထုတ်သမဝါယမအသင်းက ထုတ်လုပ်သော Race Horce သုံးဘီးမော်တော်ဆိုင်ကယ် အစီး ၂၀ ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ Highlysen International Developing Co., Ltd. သို့ တင်ပို့ရန်အတွက် ကွန်တိန်နာထည့်သွင်းရန် စစ်ဆေးဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ယင်းသို့ ကြည့်ရှုစစ်ဆေးရာတွင် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင့်လွင်ဦး၊ သမဝါယမ ပို့ကုန်သွင်းကုန်လုပ်ငန်း အထွေထွေမန်နေဂျာ ဦးစောဦးနှင့် ပင်းနံ့သာ စက်မှုကုန်ထုတ်သမဝါယမအသင်း ဒါရိုက်တာ ဦးမျိုးနိုင်တို့က ကုန်ပစ္စည်းစစ်ဆေးမှု၊ ထုပ်ပိုးထားရှိမှုအခြေအနေ၊ ကွန်တိန်နာများဖြင့် သင်္ဘောတင်မည့် အခြေအနေများကို ရှင်းလင်းပြသကြသည်။

အဆိုပါ သုံးဘီးမော်တော်ဆိုင်ကယ်အစီး ၂၀ကို ရန်ကုန်မြို့ Asia World ဆိပ်ကမ်းမှ ယနေ့တွင် MV. Sea Merchant သင်္ဘောဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့မည်ဖြစ်ကြောင်းနှင့် ပထမဆုံးအကြိမ် တင်ပို့ရောင်းချခြင်းဖြစ်သည်။ (သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန
ကျောင်းအပ်နှံရေးသီတင်းပတ်
မေလ၏နောက်ဆုံးသီတင်းပတ်
ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေး ပြည်သူအားလုံး ပါဝင်ဆောင်ရွက်ပေး။

မသန်စွမ်းကလေးများအတွက် သင်ကြားမှုပစ္စည်းများ ထုတ်လုပ်ရေးလုပ်ငန်း ဆွေးနွေးပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် မေ ၁၉

မသန်စွမ်းကလေးများအတွက် သင်ယူသင်ကြားမှုပစ္စည်းများ ထုတ်လုပ်ရေးလုပ်ငန်း ဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ကမာရွတ်မြို့နယ် ပြည်လမ်းရှိ မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ဦးစီးဌာန မြန်မာနိုင်ငံစာတတ်မြောက်ရေး အထောက်အကူပြု ပင်မဌာနခန်းမ၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင် တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးမျိုးညွန့်နှင့် ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ စာစစ်အဖွဲ့ဥက္ကဋ္ဌ၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လူမှုဝန်ထမ်းဦးစီးဌာနမှ ဖိတ်ကြားထားသူများ၊ ဒဂုံမြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၊ မေရီချက်ပ်မင်းကျောင်း၊ ရန်ကုန်မျက်မမြင်(ခဝဲခြံ)ကျောင်းများမှ ကျောင်းအုပ်ဆရာမကြီးများနှင့် ဆရာ၊ ဆရာမများ၊ မသန်စွမ်းကျောင်းသား၊ ကျောင်းသူများနှင့် မိဘများ တက်ရောက်ကြသည်။

အရေးပါ

အခမ်းအနားတွင် ဝန်ကြီး ဦးသန်းအောင်က အမှာစကားပြောကြားရာ၌ လူတိုင်းအတွက် ပညာရေး (Education for All)ကို ဆောင်ရွက်ရာတွင် ယခုကျင်းပသည့် မသန်စွမ်းကလေးများအတွက် သင်ယူသင်ကြားမှု အထောက်အကူပြုပစ္စည်းများ ထုတ်လုပ်ရေးလုပ်ငန်းဆွေးနွေးပွဲသည် အလွန်အရေးပါသည့် လုပ်ငန်းဆွေးနွေးပွဲ ဖြစ်ကြောင်း၊ လူတိုင်းအကျုံးဝင်ပညာရေး (Inclusive Education)ကို ဆောင်ရွက်ရာတွင် မသန်စွမ်းကလေးများ ပညာသင်ယူနိုင်ရေးလည်းပါဝင်ကြောင်း။

မှာကြား

ကျင်းပပြီးစီးခဲ့သည့် အခြေခံပညာကဏ္ဍ အမျိုးသားပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲတွင် လူတိုင်းအကျုံးဝင်ပညာရေးနှင့် စပ်လျဉ်းသည့် စာတမ်းများ တင်သွင်းခဲ့ကြောင်း၊ မသန်စွမ်းကလေးများအတွက် သင်ယူသင်ကြားမှု အထောက်အကူပြုပစ္စည်းများ ထုတ်လုပ်နိုင်ရန် ယခုလုပ်ငန်းဆွေးနွေးပွဲတွင် ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြစေလိုကြောင်း၊ မသန်စွမ်းကလေးများအတွက် Learning and Recreation Centre တွင် သင်ကြားသင်ယူမှု အထောက်အကူပြုပစ္စည်းများ ထားရှိသင်ကြားသင်ယူနိုင်ရေးအတွက် ကြိုးစားဆောင်ရွက်သွားကြစေလိုကြောင်းဖြင့် မှာကြားသည်။ အဆိုပါဆွေးနွေးပွဲကို မေ ၂၅ရက် အထိ ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

မြို့ရွာတစ်ခွင် သာစေချင် မီးတွင်မပေါ်နှင့်

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် သင်တန်းဖွင့်ပွဲတက်ရောက်

ရန်ကုန် မေ ၁၉

ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်း ဝန်ကြီးဌာန ဒီဂျစ်တယ်အော်တို အိတ်ချိန်း အင်ဂျင်နီယာဘာသာရပ် သင်တန်း၊ ဂြိုဟ်တုဆက်သွယ်ရေး စနစ်တပ်ဆင်ရေး ဘာသာရပ်သင်တန်းနှင့် အခြေခံပစ္စည်းထိန်း သင်တန်း သင်တန်းများ ဖွင့်ပွဲအခမ်းအနားကို မေ ၁၆ရက် နံနက် ၉နာရီတွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ကြေးနန်းဆက်သွယ်ရေးနှင့် စာတိုက်သင်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ သင်တန်းကျောင်း ကျောင်းအုပ်ကြီးနှင့် သင်တန်းဆရာ၊ ဆရာမများ တက်ရောက်ကြပြီး ဝန်ကြီးက အမှာစကားပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ သင်တန်းသားသင်တန်းသူ ၄၉ဦး တက်ရောက်ကြသည်။

(သတင်းစဉ်)

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး နှိုးဆော်ချက်

၁။ မိုးရာသီအတွင်း အသက်၃နှစ်မှ၁၄နှစ်အထိကလေးငယ်များတွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားတတ်ပါသည်။ သွေးလွန်တုပ်ကွေးရောဂါဖြစ်လျှင် ရင်သွေးငယ်များအသက်ဆုံးပါးသည်အထိဖြစ်နိုင်သဖြင့် မိမိတို့၏ ရင်သွေးများရောဂါဘယကင်းဝေးစေရန် သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ကြပါရန် နှိုးဆော်အပ်ပါသည်။

၂။ သွေးလွန်တုပ်ကွေးရောဂါသည် ရေကြည်ရေသန့်တွင် ပေါက်ပွားသောခြင်ပုန်း၊ ခြင်ကျား အကိုက်ခံရခြင်းကြောင့် ကူးစက်ပါသည်။ သို့ပါ၍ ခြင်ပုန်း၊ ခြင်ကျားမပေါက်ပွားစေရန် မိမိတို့ ရင်သွေးငယ်များခြင်ကိုက်မခံရစေရန် အောက်ပါအတိုင်းဆောင်ရွက်ကြပါရန်နှိုးဆော်အပ်ပါသည်။

လိုက်နာရမည့်အချက်များ

- **(က) ရေစည်ရေအိုးများကို လုံခြုံစွာဖုံးအုပ်ထားပါ။**
- **(ခ) ပန်းအိုး၊ ညောင်ရေအိုးတို့မှရေကိုနေ့စဉ်လဲလှယ်ပေးပါ။**
- **(ဂ) ရေစည်၊ ရေအိုးများရှိ ပိုးလောက်လမ်းများအား ရေစစ်ဖြင့် ခပ်ထုတ်ပစ်ပါ။**
- **(ဃ) မိုးရေတင်နိုင်သော ဘူးခွံ၊ ပုံးခွံ၊ တာယာစုတ်၊ အိုးခြမ်းပဲ့စသည်တို့ကို ဖယ်ရှားရှင်း လင်းပါ။**
- **(င) မိမိတို့အိမ်ရှေ့အိမ်နောက်တို့မှ ရေမြောင်းများအား ရေစီးရေလာ ကောင်းအောင်ရှင်းလင်းပါ။ (လိုအပ်ပါက စည်ပင်သာယာရေး အဖွဲ့၏ အကူအညီကိုယူပါ။)**
- **(စ) အိမ်ပတ်ဝန်းကျင်ရှိ ရေဝပ်နိုင်သောမြေနိမ့်များကိုဖို့ပါ။**
- **(ဆ) အလင်းရောင်ရရှိရန်တံခါးများကို နေ့ခင်းပိုင်းတွင်ဖွင့်ထားပါ။**
- **(ဇ) အိမ်တွင်း၊ အိမ်ပြင်သန့်ရှင်းအောင်ထားပါ။**
- **(ဈ) ကလေးများနေ့လယ်အိပ်ချိန်တွင် ခြင်ထောင်ဖြင့်သိပ်ပါ။**

(အင်္ကျီလက်ရှည်၊ ဘောင်းဘီရှည်၊ ထဘီ၊ ပုဆိုးစသည်တို့ကို ဝတ်ဆင်ထားပေးပါ။)

၃။ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး ခြင်များမပေါက်ပွားစေရန် ဆေးဖျန်းခြင်း၊ အသိပညာပေးခြင်း၊ ကာကွယ်တားဆီးခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြပါရန် တိုက်တွန်း နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန။

ကချင်ပြည်နယ် သူနာပြုနှင့်သားဖွားသင်တန်းကျောင်း သူနာပြုဦးဆောင်း အပ်နှင်းပွဲနှင့် သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် မေ ၁၉

ကချင်ပြည်နယ် သူနာပြုနှင့်သားဖွားသင်တန်းကျောင်း ပထမနှစ်သင်တန်းသူများ သူနာပြုဦးဆောင်းအပ်နှင်းပွဲနှင့် သင်တန်းဆင်းပွဲ အခမ်းအနားကို မေ ၁၃ ရက် နံနက် ၉ နာရီက အဆိုပါသင်တန်းကျောင်း အစည်းအဝေးခန်းမ၌ကျင်းပရာ အခမ်းအနားသို့ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့်ဇနီး၊ မြစ်ကြီးနားလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဇော်ထွန်း၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်စံထွန်းနှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမောင်မြို့နှင့် ကောင်စီဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်နယ်သူနာပြုသင်တန်းကျောင်းအုပ်ဆရာမကြီး ဒေါ်အမ်နန်းခမ်းနှင့် သင်တန်းနည်းပြ ဆရာမများ၊ သင်တန်းသူ၊ သင်တန်းသားများ၊ ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အမ်နန်းခမ်းက သင်တန်းဖွင့်လှစ်သင်ကြားမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေက အမှာစကားပြောကြားသည်။

ယင်းနောက် ကျောင်းအုပ်ဆရာမကြီးက ပထမနှစ်သင်တန်းသူ ၆၀ တို့အား သူနာပြုဦးဆောင်းများ အပ်နှင်းပြီး သင်တန်းဆင်းသူနာပြုသင်တန်းသူများက သူနာပြုကတိသစ္စာရွတ်ဆိုကြကာ ပြည်နယ်ကျန်းမာရေး ဦးစီးဌာန ဦးစီးမှူး ဒေါက်တာမောင်မောင်မြင့်က သင်တန်းထူးချွန်ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

လှူဒါန်း

ထို့နောက် တိုင်းမှူးက ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ သင်တန်းကျောင်းအတွက် မတည်လှူဒါန်းငွေ ကျပ်သိန်း ၅၀ကိုလည်းကောင်း၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ လှူဒါန်းငွေကျပ် ၂၅ သိန်းကို ဒုတိယတိုင်းမှူးဗိုလ်မှူးချုပ် စံထွန်းကလည်းကောင်း၊ ကချင်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ လှူဒါန်းငွေကျပ် ၁၀ သိန်းကို တိုင်းမှူး၏ ဇနီး ဒေါ်တင်တင်နွဲ့ကလည်းကောင်း၊ ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့မှ လှူဒါန်းငွေကျပ် ၁၀သိန်းကို ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ၊ ပြည်နယ် အုပ်ချုပ်ရေးမှူး၏ ဇနီး ဒေါ်တင်တင်ဌေးက လည်းကောင်း၊ စေတနာရှင်အသီးသီးမှ လှူဒါန်းငွေကျပ် ၄၆သိန်းကိုလည်းကောင်း အသီးသီး ပေးအပ်လှူဒါန်းကြရာ ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမောင်မောင်မြင့်နှင့် တာဝန်ရှိသူများက လက်ခံရယူကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

လှူဒါန်း

လှိုင်မြို့နယ် (၇)ရပ်ကွက်၊ ဓမ္မသုခကျောင်းလမ်း အမှတ်၂၀၂(ခ)နေ ဦးမြအောင်မိသားစုက ဦးမြအောင်၏ အသက် (၈၀)ပြည့် မွေးနေ့အလှူအဖြစ် ထာဝရဆွမ်း၊ ဆေးပဒေသာပင်နှင့် ဂွမ်းစောင်များအတွက် အလှူငွေကျပ် ၃၅၀၀၀၀လှူဒါန်းရာ ဇီဝိတဒါန သံဃာ့ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင် လက်ခံစဉ်။ (က-ပ)

မကွေးတိုင်းဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ ကျန်းမာရေးစောင့်ရှောက်မှု အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်

ရန်ကုန် မေ ၁၉

မကွေးတိုင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားကို မေ ၁၃ရက် နံနက် ၈နာရီတွင် မကွေးမြို့ တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံး အစည်းအဝေး ခန်းမ၌ကျင်းပရာ အခမ်းအနားသို့ မကွေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့်ကောင်စီဝင်များ၊ တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းကျန်းမာရေး ကြီးကြပ်မှုကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့ များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက အဖွင့်အမှာစကား ပြောကြားပြီး တိုင်းကျန်းမာရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ၊ တိုင်းအတွင်းရေးမှူး ဒုတိယ ဗိုလ်မှူးကြီးဇော်သိန်းနှင့် တိုင်းကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာကျော်လှမြင့်တို့က ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ဆွေးနွေးတင်ပြ

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် လူမှုရေး အသင်းအဖွဲ့များမှ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများအား ဆွေးနွေးတင်ပြကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မေ ၁၅ရက် နံနက် ၁၀နာရီတွင် တိုင်းဥက္ကဋ္ဌသည် ချောက်မြို့နယ် (၃)ရပ်ကွက် အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်း၌ကျင်းပသည့် စန္ဒကူးနှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ရှေးဦးစွာ စန္ဒကူး နှစ်ထပ်ကျောင်းဆောင်သစ်အား တိုင်းအုပ်ချုပ်ရေးမှူး ဦးခင်မောင်မြင့်၊ မကွေးခရိုင်ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး ကြည်ထွန်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးသန်းငွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဗိုလ်မှူးကြီးဘုန်းမော်ရွှေက ကျောင်းဆောင်သစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ အဆိုပါ စန္ဒကူးနှစ်ထပ် ကျောင်းဆောင်သစ်အား ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကိုကျင်းပရာ ရှေးဦးစွာ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေက အမှာစကားပြောကြားပြီး ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးသန်းငွေက ကျောင်းဆောင်သစ်ဆောက်လုပ်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး လက်ထောက်တိုင်း ပညာရေးမှူး(စီမံ) ဦးအောင်ကြွယ်က ကျေးဇူးတင်စကားပြောကြားသည်။

လက်ခံရယူ

ထို့နောက် အလှူရှင်များက အလှူငွေများနှင့် ကွန်ပျူတာဆက်စပ်ပစ္စည်းများကို ပေးအပ်လှူဒါန်းကြရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။

ယင်းနောက် ကျောင်းအကျိုးတော်ဆောင်အဖွဲ့မှ တာဝန်ရှိသူများက တိုင်းဥက္ကဋ္ဌထံ ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ အထိမ်းအမှတ်အလံကို ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ စန္ဒကူးကျောင်းဆောင်သစ်သည် အလျား ပေ ၁၂၀၊ အနံပေ ၃၀ ရှိ နှစ်ထပ်အုတ်ညှပ် အဆောက်အအုံဖြစ်ပြီး ပညာရေးဝန်ကြီးဌာနမှ ငွေကျပ်သိန်း ၁၀၀၊ ဒေသခံပြည်သူများထည့်ဝင်ငွေကျပ်သိန်း ၁၀၀ စုစုပေါင်းငွေကျပ်သိန်း ၂၀၀ အကုန်အကျခံ ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် တိုင်းဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေသည် ချောက်မြို့နယ် ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ပံ့ပိုးကူညီမှုဖြင့် ဆေးရုံတက်ရောက်၍ မျက်စိကုသကြမည့် ဝေဒနာရှင် ၁၂ ဦးအား သွားရောက်တွေ့ဆုံအားပေးပြီး ဆေးရုံအတွင်းလှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များမှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ (သတင်းစဉ်)

ဥကပ်နေသောရေချိုပုစွန်တုပ်ကြီးများမဖမ်းရန် ပညာပေးနှိုးဆော်ချက် (၂/၉၇)

တန်ခူး၊ ကဆုန်၊ နယုန်လများတွင် ဥကပ်နေသော (သို့)ဥနှင့်ပြည့်ဝနေသော ရေချိုပုစွန်တုပ်ကြီးများသည် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မြစ်ချောင်း၊ အင်းအိုင်များတွင် ဥချရန် ပြင်ဆင်လျက်ရှိပါသည်။ ၎င်းတို့မှ မကြာမီ ထောင်ပေါင်းများစွာသော ပုစွန်များလည်း ပေါက်ပွားလာတော့မည်ဖြစ်ပါသည်။

အကယ်၍အဆိုပါဥကပ်နေသော (သို့) ဥနှင့်ပြည့်ဝနေသော ပုစွန်တုပ်ကြီးများအား ဖမ်းဆီးသတ်ဖြတ်ခဲ့ပါက ၎င်းတို့မှ ပုစွန်သားလောင်းများ မပေါက်ပွားနိုင်တော့ဘဲ မျိုးပြုန်းတီးရာလည်း ရောက်စေပါသည်။ ရေချိုပုစွန်များ ပေါများကြွယ်ဝလာစေရန် ယခုကဲ့သို့ ဥကပ်နေသောရာသီချိန်တွင်ဖမ်းဆီးခြင်းမပြုဘဲ ဘေးမဲ့ပေးမှသာ ထုတ်လုပ်မှုအား မြင့်မားလာပြီး အမျိုးသားစီးပွားရေး ဖွံ့ဖြိုးလာမည်ဖြစ်ပါသည်။

ဥကပ်နေသော (သို့) ဥနှင့်ပြည့်ဝနေသော ပုစွန်တုပ်ကြီးများအားဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ အရောင်းအဝယ်ပြုလုပ်ခြင်းများမပြုလုပ်ရန် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာအမှတ်၁/၉၂ ဖြင့် တားမြစ်ထားပါသည်။ အဆိုပါတားမြစ်ချက်ကို လိုက်နာခြင်းမရှိပါက ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ ၄၂၊၄၄၊ ၄၅ ပါ ပြဋ္ဌာန်းချက်များအရ တရားစွဲဆို အရေးယူခြင်းခံရမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ရေချိုပုစွန်တုပ်များ ရေရှည်တည်တံ့နေစေရန် ယခုကဲ့သို့သော ဥကပ်ရာသီချိန်တွင် ဖမ်းဆီးခြင်းမပြုဘဲ နေရာတိုင်းတွင် ဘေးမဲ့ပေးကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန။

အပူဒဏ်အန္တရာယ် ကာကွယ်ရေး နှိုးဆော်ချက်

ယခုအခါတွင် နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီ ဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားများ ဆုံးရှုံးမှုများပြားပါသည်။ ထိုသို့ ဆုံးရှုံးမှုကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်ပါသည်။

သို့ဖြစ်ပါ၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြပါရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ် စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင် နေပါ၊

(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ၊

(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ၊

(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာ ခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်၊

(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ၊

(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ၊

(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ၊

(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆား ဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည် သောက်ပါ၊

(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ၊

(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများ အနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ၊

(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ၊

(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါ ဖြစ်ပါက နီးစပ်ရာကျန်းမာရေးဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန

ကန်တော်ကြီး သဘာဝဥယျာဉ် Education Zone ဖွင့်ပွဲကျင်းပ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတက်ရောက်ဖွင့်လှစ်

ရန်ကုန်မြို့တော် ကန်တော်ကြီး သဘာဝဥယျာဉ်Education Zone ဖွင့်ပွဲ အခမ်းအနားတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာန ချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်း လင်းတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (ရန်ကုန်တိုင်း)

ရန်ကုန် မေ ၁၉

ရန်ကုန်မြို့တော် ကန်တော်ကြီး သဘာဝဥယျာဉ် Education Zoneဖွင့်ပွဲ အခမ်းအနားကို မေ ၁၄ရက် နံနက် ၈နာရီခွဲတွင် အဆိုပါ ဇုန်အဝင် မုခ်ဦးရှေ့၌ ကျင်းပရာ ရန်ကုန်မြို့တော် ကန်တော်ကြီး သဘာဝဥယျာဉ်ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံ အဆင့်မြှင့်တည်ဆောက်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ တက်ရောက်ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားသို့ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်စိုး၊ ရန်ကုန်မြို့တော် ကန်တော်ကြီး သဘာဝဥယျာဉ် ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံ အဆင့်မြှင့်တည်ဆောက်ရေးလုပ်ငန်းကော်မတီဝင်များ၊ မြန်မာ့စိုက်ပျိုးရေး လုပ်ငန်းမှ ဌာနဆိုင်ရာအကြီးအကဲများနှင့်တာဝန်ရှိသူများ၊ ရန်ကုန်တိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် အနောက်ပိုင်းခရိုင် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ ကန်တော်ကြီး သဘာဝဥယျာဉ်အတွင်းရှိ ဇုန်တာဝန်ခံများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများတက်ရောက် ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် မြန်မာ့ စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအုန်းသန်းတို့က Education Zone ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ရှင်းလင်းပြသ

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်း လင်းနှင့် ဧည့်သည်တော်များသည် ဇုန်အတွင်းရှိ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း စိုက်ပျိုးရေးသုံး ပံ့ပိုးပစ္စည်းအရောင်းဆိုင်ရှေ့၌ ပြည်နယ်နှင့် တိုင်း အသီးသီးမှ စိုက်ပျိုးထွက်ရှိသည့် သရက်သီး၁၈၃မျိုး ခင်းကျင်းပြသထားရှိမှုနှင့် သရက်သီးမှ ထုတ်လုပ်သည့် အစားအစာများပြသထားရှိမှုကိုလည်းကောင်း၊ ပန်းအလှပင်နှင့် ဟင်းသီးဟင်းရွက် မျိုးစေ့များ၊ ပျိုးပင်များ၊ အလှပန်းပင်များနှင့် စိုက်ပျိုးရေးသုံး ပစ္စည်းအရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချနေမှုကိုလည်းကောင်း၊ ဥယျာဉ်အတွင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ စိုက်ပျိုးပြသထားသည့် ပန်းမန်ပြကွက်၊ ပျိုးခင်းဈေးပွဲ တော်ပြကွက်၊ ဟင်းသီးဟင်းရွက်နှင့် စင်တင်သီးနှံပင်များ စိုက်ပျိုးခြင်းပြကွက်၊ အာဟာရရေဖြင့် စိုက်ပျိုးခြင်းပြကွက်၊ ဓာတုဆေးလွတ်စိုက်ခင်းပြကွက်၊ သစ်ခွ ပြကွက်၊ ဟင်းခတ်အမွှေးအကြိုင်နှင့် ပရဆေးပြကွက်၊ သစ်သီးဥယျာဉ်နှင့် ရေပေါ်စိုက်ခင်း စသည့်ပြကွက် ကိုးမျိုး စိုက်ပျိုးပြသထားရှိမှုကိုလည်းကောင်း ကြည့်ရှုအားပေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဆက်လက်၍ Education Zone အတွင်း မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန Fresh Water Fish Garden ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွန်းတို့က Fresh Water Fish Garden ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် ဧည့်သည်တော်များသည် ဥယျာဉ်အတွင်း ငါးလုပ်ငန်း ဦးစီးဌာနမှ ငါးကန်များဖြင့် ပြည်တွင်း၊ ပြည်ပရေချိုငါး အမျိုးအစားပေါင်း ၇၄ မျိုး၊ ငါးကောင်ရေ ၅၈၀၀၀ကျော် မွေးမြူပြသထားရှိမှု၊ သဘာဝလိုဏ်ဂူပုံစံ အတိုင်း တည်ဆောက်ထားသည့် ကျောက်လိုဏ်ဂူငယ်နှင့် လိုဏ်ဂူအတွင်း၌ မိုးခြိမ်းသံ၊ တိရစ္ဆာန်အော်သံ စသည့် Sound Effects များ တပ်ဆင်ထားရှိမှု၊ မိကျောင်းကန်အတွင်း မိကျောင်းများ မွေးမြူပြသထားရှိမှု၊ Conference Hall အတွင်း အလှငါးကန်များဖြင့် ပြည်တွင်း၊ ပြည်ပမှ ရေချိုငါးများ မွေးမြူပြသ ထားရှိမှုများကို ကြည့်ရှုအားပေးကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသ ကြသည်။

ဝယ်ယူနိုင်

ယနေ့ဖွင့်လှစ်ခဲ့သည့် Education Zoneသည် ရန်ကုန်မြို့တော် ကန်တော် ကြီး သဘာဝဥယျာဉ် ပတ်ဝန်းကျင် ဘက်စုံအဆင့်မြှင့်တည်ဆောက်ရေး လုပ်ငန်းဇုန်ကြီးလေးခုအနက် အစောဆုံး ပြီးစီးဖွင့်လှစ်နိုင်ခဲ့သည့် ဇုန်တစ်ခုဖြစ် သည်။ Education Zone အတွင်း၌ စိုက်ပျိုးရေးပြတိုက်တစ်ခုရှိပြီး စိုက်ပျိုး ရေးနှင့် ပတ်သက်သော အချက်အလက် အမျိုးမျိုးကို လေ့လာနိုင်သည်။ ထို့ပြင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ စိုက်ပျိုးရေးနည်းပညာပေးပြကွက်ကိုးခုကို လေ့လာ ကြည့်ရှုနိုင်ပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် ပုဂ္ဂလိကအရောင်းဆိုင်များမှ ဖွင့်လှစ်ရောင်းချသည့် သစ်စေ့များ၊ မျိုးစေ့များ၊ ပျိုးပင်များ၊ ပန်းအလှပင်များ၊ အိမ်တွင်း အလှဆင်အပင်များ၊ ပရဆေးပင်များ၊ စိုက်ပျိုးရေးသုံးပစ္စည်းကိရိယာ များနှင့် ဓာတ်မြေဩဇာများကိုလည်း ဝယ်ယူနိုင်ကြသည်။ အဆိုပါ ဇုန်အတွင်း၌ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၏ Fresh Water Fish Garden အတွင်း၌ ပြည်တွင်း၊ ပြည်ပ ရေချိုငါး အမျိုးအစားပေါင်း ၇၄မျိုးကို လေ့လာ ကြည့်ရှုနိုင်ပြီး တီလားပီးယားငါးနှင့် ရေချိုငါးများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူရရှိနိုင်သည်။ (သတင်းစဉ်)

အထူးကုဆရာဝန်ကြီးများ အမ်းမြို့နယ်တွင် ကွင်းဆင်းဆေးကုသ ကျန်းမာရေးပညာပေးဟောပြောပြီး ဆေးဝါးများ အခမဲ့ဖြန့်ဝေ

ရန်ကုန် မေ ၁၉

ရခိုင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့နှင့် အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းကုသခြင်းနှင့် ကျန်းမာရေး ပညာပေးဟောပြောခြင်းအခမ်းအနားကို မေ ၁၅ရက် နံနက်ပိုင်းက အမ်းမြို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အမ္ဗနဒီခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်၊ ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တိုင်းမှူး၏ ဇနီး ဒေါ်ကြူကြူလှ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ရှေးဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်က ကျန်းမာ ရေး စောင့်ရှောက်မှုလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု များနှင့်စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်း အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်နယ်ကြီးကြပ်ရေး အဖွဲ့ အဖွဲ့ဝင်များ၊ အထူးကုဆရာဝန် ကြီးများက ကျန်းမာရေးဆိုင်ရာနှင့် အမျိုးသမီးရေးရာ သိကောင်းစရာများကို အသီးသီး ရှင်းလင်းဆွေးနွေးဟောပြော ကြသည်။

ဆက်လက်၍ အမ်းမြို့နယ်မှ မိခင်နှင့် ကလေးစောင့်ရှောက်ရေး ရာသက်ပန် အသင်းဝင် အဆိုပြုလွှာများကို ပြည်နယ် ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြူကြူလှ ထံ ပေးအပ်ပြီးနောက် တိုင်းမှူးနှင့် ဇနီး၊ တာဝန်ရှိသူများသည် အထူးကု ဆရာဝန်ကြီးများ၏ ကျန်းမာရေး စစ်ဆေး ဆေးကုသပေးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အခမဲ့ဖြန့်ဝေ

အဆိုပါအခမ်းအနားတွင် လူနာ ၂၇၅ဦးအား ဆေးကုသမှုများ ပြုလုပ် ပေးပြီး ဆေးဝါးများ အခမဲ့ဖြန့်ဝေပေး၍ တက်ရောက်လာကြသူများအား ပညာ ပေး လက်ကမ်းစာစောင်နှင့် စာအုပ်များ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် တိုင်းမှူးသည် အမ်း တပ်နယ်၊ အမ်းရိုးမခန်းမ၌ကျင်းပသော ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက် ရေးကြီးကြပ်ရေးအဖွဲ့နှင့် အထူးကု ဆရာဝန်ကြီးများ ကွင်းဆင်းဆေးကုသ ခြင်း၊ ပညာပေးဟောပြောခြင်း အခမ်း အနားသို့ တက်ရောက်ရာ ရှေးဦးစွာ ပြည်နယ် ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြူကြူလှက အမှာစကားပြော ကြားပြီး အထူးကုဆရာဝန်ကြီးများက ကျန်းမာရေးဆိုင်ရာ သိကောင်းစရာ များကို ပညာပေးဟောပြောကြသည်။

ကြည့်ရှုအားပေး

ယင်းနောက် တိုင်းမှူးနှင့် ဇနီး တာဝန်ရှိသူများသည် အထူးကုဆရာဝန် ကြီးများက ပြည်သူများအား ကျန်းမာ ရေး စစ်ဆေးကုသပေးနေမှုကို ကြည့်ရှု အားပေးကြသည်။ (သတင်းစဉ်)

လိပ်မျိုးများရေရှည်တည်တံ့ရန် ထိန်းသိမ်းစောင့်ရှောက်ရေး ပညာပေးနှိုးဆော်ချက် ၁/၂၀၀၅

လိပ်မျိုးများသည် ရှေးအကျဆုံးနှင့် သက်တမ်းအရှည်ကြာဆုံး သတ္တဝါများဖြစ်ပါသည်။ ယခုအခါ ကမ္ဘာပေါ်တွင် လိပ်မျိုးစိတ်အများအပြားသည် မျိုးသုဉ်းပျောက်ကွယ်မည့်အခြေအနေသို့ ရောက်ရှိနေပြီဖြစ်၍ မျိုးပြုန်းတီးလုသတ္တဝါ မျိုးစိတ်တွင် သတ်မှတ်ထည့်သွင်း၍ ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

ပင်လယ်လိပ်များသည် အရွယ်ရောက်ရန် အနှစ်(၃၀)မှ(၅၀)အထိ ကြာမြင့်ပြီး အရွယ်ရောက်လိပ်ကြီးတစ်ကောင် ဖြစ်လာရန် မမျှော်မှန်းနိုင်လောက်အောင် ခဲယဉ်းပါသည်။ ကမ္ဘာတစ်ဝန်းလုံး၌ ပင်လယ်လိပ်မျိုးစိတ် (၇)မျိုးရှိရာ မြန်မာနိုင်ငံတွင် (၅)မျိုးတွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ လိပ်မျိုးမပြုန်းတီးရေးနှင့် မြန်မာသက်ရှိ သယံဇာတများ ရေရှည်တည်တံ့စေရေးအတွက် အောက် ဖော်ပြပါအချက်များကို လိုက်နာဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်။

၁။ လိပ်ဥများကို တူးဖော်စားသုံးခြင်းမပြုရန်နှင့် လိပ်သားပေါက်များအား ထိန်းသိမ်းစောင့်ရှောက် ရှင်သန်ခွင့် ပေးရန်။

၂။ လိပ်များကို သတ်ဖြတ်စားသုံးခြင်းမပြုရန်နှင့် ငါးဖမ်းပိုက်များတွင် မတော်တဆဖမ်းဆီးရမိပါက ဘေးကင်းရာ ရေပြင်သို့ ပြန်လွှတ်ပေးရန်။

၃။ ငါးဖမ်းရေယာဉ်ရှိ ပိုက်များ၌ လိပ်များ လွတ်မြောက်စေနိုင်သောကိရိယာ Turtle Excluder Devices (TEDs) များ တပ်ဆင်သုံးစွဲရန်။

၄။ ငါးဖမ်းပိုက်အစများ၊ ရော်ဘာစများ၊ ပလတ်စတစ်အိတ်ခွံများနှင့် စက်သုံးစွန့်ပစ္စည်းများ၊ ဓာတုစွန့်ပစ်ပစ္စည်း များ ရေပြင်သို့ မစွန့်ပစ်ရန်။

၅။ ငါးလုပ်ငန်းဦးစီးဌာနမှ ထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာအမှတ် (၂/၉၃)ပါ ငါးလုပ်ငန်းဦးစီးဌာန၏ ခွင့်ပြုချက်မှတစ်ပါး မည်သူမျှ မည်သည့်လိပ်မျိုးကိုမဆို ဖမ်းယူခြင်း၊သတ်ဖြတ်ခြင်း၊ အနှောင့်အယှက်ပြုခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်း၊ လက်ဝယ်ထားရှိခြင်းတို့အပြင် လိပ်ဥများကို ရွှေ့ပြောင်းခြင်း၊ တူးဖော်ခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်း၊ လက်ဝယ်ထားရှိခြင်းနှင့် အခြားနည်းတစ်စုံတစ်ရာဖြင့် နှောင့်ယှက်ခြင်း မပြုလုပ်ရန်ထုတ်ပြန်ထားသည့် တားမြစ်ချက်များကိုလိုက်နာရန်။

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန။

ရှမ်းပြည်နယ်(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင် ပြည်နယ်ပညာရေးမှူးဒိုင်း ဘောလုံးပြိုင်ပွဲ တက်ရောက်ဆုချီးမြှင့်

ရန်ကုန် မေ ၁၉

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်သည် တာဝန်ရှိသူများနှင့်အတူ မေ ၁၆ရက် ညနေပိုင်းတွင် လားရှိုးမြို့ ပြည်နယ်ပြည်ထောင်စုအားကစားကွင်းအတွင်း၌ ကျင်းပသည့် ၂၀၀၅ ခုနှစ် ပြည်နယ်ပညာရေးမှူးဒိုင်း အခြေခံပညာ အလယ်တန်းအဆင့်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားသို့ တက်ရောက်အားပေးသည်။

ကြည့်ရှုအားပေး

ရှေးဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများသည် ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် မူဆယ်ခရိုင်(ခ)အသင်းနှင့် လားရှိုး ခရိုင်(က)အသင်းတို့ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြရာ မူဆယ်ခရိုင်(ခ)အသင်းက ရှစ်ဂိုး-ခုနစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ နေရာအလိုက်အကောင်းဆုံး ဘောလုံးသမားဆုရရှိသည့် အားကစားသမားများနှင့် စတုတ္ထနှင့် တတိယဆုရအသင်းများအား လက်ထောက် ပြည်နယ်ပညာရေးမှူး(စီမံ) ဦးသန်းညွန့်နှင့် တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ပထမဆုနှင့် ဒုတိယဆုရရှိသော အသင်းများမှ အားကစားသမားများအား တစ်ဦးချင်းဆုများကို တွဲဖက်ပြည်နယ်ပညာရေးမှူး ဦးသန်းထွန်းက လည်းကောင်း၊ အသင်းလိုက် ပထမတံခွန်စိုက်ဆုရရှိသော မူဆယ်(ခ) အသင်းအား တိုင်းမှူးက တံခွန်စိုက်ဆုဖလားကြီးကို လည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် တိုင်းမှူးသည် တိုင်းစစ်ဌာနချုပ် သုတေသန စပါးစိုက်ခင်းသို့လည်းကောင်း၊ စခန်းရုံးမိသားစုများ၏ ပဲပုတ်၊ နေကြာအစေ့ထုတ်ပြောင်း စံပြဧက ၁၀၀ စိုက်ခင်းသို့လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

(သတင်းစဉ်)

မေ ၁၉ ရက်က အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံ၌ မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်က ကြီးမှူးကျင်းပခဲ့သည့် ၂၀၀၅ခုနှစ် နွေရာသီသင်တန်းဆင်းများ "က"ကွက်ပြိုင်ပွဲနှင့် မျိုးဆက်သစ်များ တိုက်ကွမ်ဒိုပြိုင်ပွဲ ဆုပေးပွဲ၌ နည်းစနစ်ကော်မတီဥက္ကဋ္ဌ ဦးဂျေဂမ်ဖန်က အကောင်းဆုံးနည်းပြထူးချွန်ဆုကို ရွှေတံဆိပ် ၁၃ ဆု၊ ငွေတံဆိပ် ၁၃ ဆု၊ ကြေးတံဆိပ် ၁၆ ဆု စုစုပေါင်း ဆုတံဆိပ် ၄၂ဆု စွမ်းဆောင်ရယူပေးခဲ့သည့် တိုက်ဂါးကလပ်နည်းပြမှူးချုပ် ဦးမြကြိုင်(လယ်ယာ/ဆည်မြောင်း)အား ချီးမြှင့်ပေးအပ်စဉ်။

(အား/ကာ)

အမှုဆောင်များစီမံခန့်ခွဲရေး(ဆင့်ပွား)သင်တန်းဖွင့်

ရန်ကုန် မေ ၁၉

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကကြီးမှူး၍ အမှုဆောင်များစီမံခန့်ခွဲရေး(ဆင့်ပွား)သင်တန်း အမှတ်စဉ်(၉) ဖွင့်ပွဲကို မေ ၁၁ ရက် နံနက် ၈နာရီခွဲတွင် ဆိပ်မူကျေးရွာအုပ်စု အခြေခံပညာ အလယ်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် အမှတ်(၃) စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးဆန်းညွန့်ဦးနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းဆွေတို့က အဖွင့်အမှာစကား ပြောကြားကြပြီး မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုင်းသိန်းထွန်းက သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဖားကန့်မြို့နယ်အတွင်းရှိ လုပ်ငန်းရှင် ၁၀ဦးက သင်တန်းအတွက် အလှူငွေကျပ် ၈၈၀၀၀၀ကို ပေးအပ်လှူဒါန်းရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက လက်ခံသည်။

သင်တန်းသို့ ဖားကန့်မြို့နယ် ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၆ အုပ်စုမှ သင်တန်းသား သင်တန်းသူ ၆၃ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ်ကြာမည်ဖြစ်သည်။

(သတင်းစဉ်)

ကွယ်လွန်သူ ဒေါ်ခိုင်သဇင်ကို (လ/ထကထိက၊ ဘူမိဗေဒဌာန၊ ထားဝယ်တက္ကသိုလ်) အားရည်စူး၍ ကျန်ရစ်သူမိသားစုက အလှူငွေကျပ်တစ်သိန်းကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း ၁၆/၂ရပ်ကွက် သဃ်န်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း(ရန်ကုန်)သို့ လှူဒါန်းရာ ဒုတိယ ဥက္ကဋ္ဌ ဦးကျော်သူနှင့် အမှုဆောင် ဦးညီကျော်တို့ လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်စဉ်။

(က-ပ)

မြန်မာအားကစားနှင့် ကျန်းမာရေးဖောင်ဒေးရှင်း အမှုဆောင်အဖွဲ့ ညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် မေ ၁၉

မြန်မာအားကစားနှင့် ကျန်းမာရေးဖောင်ဒေးရှင်း(၄/၂၀၀၅) သုံးသပ်ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁နာရီ ၄၅မိနစ်တွင် အောင်ဆန်းအားကစားပြိုင်ဝင်း အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည်။

အစည်းအဝေးတွင် အတွင်းရေးမှူး ဦးနော်တောင်က ကျင်းပပြီးစီးခဲ့သည့် အစည်းအဝေးမှတ်တမ်းကို ဖတ်ကြားတင်ပြအတည်ပြုပြီး ဥက္ကဋ္ဌ ဦးရဲထွင့်က အမှာစကားပြောကြားသည်။ ဆက်လက်၍ ဘဏ္ဍာရေးမှူး ဒေါ်ဆွေဆွေအေးက ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားတင်ပြပြီး အမှုဆောင်များက ဘဏ္ဍာငွေရှာဖွေရေး၊ ဖောင်ဒေးရှင်းကကြီးမှူးပြီး အားကစားပြိုင်ပွဲများ ကျင်းပရေးတို့နှင့် စပ်လျဉ်း၍ ရှေ့လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးကြသည်။ ထို့နောက် ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးရဲထွင့်က နိဂုံးချုပ် အမှာစကားပြောကြားသည်။ (ကြေးမုံ)

ကြေးမုံ နိုင်ငံတကာ အားကစား သတင်း

ယူအီးအက်ဖ်အေဖလား ဗိုလ်လုပွဲ စီအက်စ်ကေအေမော်စကို ဗိုလ်စွဲ

ယူအီးအက်ဖ်အေ ဖလားကြီးနှင့်အတူ အောင်ပွဲခံ မြူးပျော်နေသော စီအက်စ်ကေအေ မော်စကိုအသင်းသားများကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

လစ္စဘွန်း မေ ၁၉

ယူအီးအက်ဖ်အေဖလား ဗိုလ်လုပွဲကို ပေါ်တူဂီနိုင်ငံ လစ္စဘွန်းမြို့ရှိ ဟိုဆေးအယ်လ်ဗာလိတ်ကွင်းတွင် ဗုဒ္ဓဟူးနေ့က ကျင်းပရာ ရုရှားကလပ် စီအက်စ်ကေအေ မော်စကိုအသင်းက ပေါ်တူဂီကလပ် စပို့တင်းလစ္စဘွန်းအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ ယူအီးအက်ဖ်အေဖလားကို ရရှိသွားပြီ ဖြစ်သည်။ စီအက်စ်ကေအေ မော်စကိုအသင်းသည် ယူအီးအက်ဖ်အေ ဗိုလ်လုပွဲတွင် အနိုင်ရရှိသည့် ပထမဆုံးသော ရုရှားကလပ်အသင်းဖြစ်သည်။

မိမိ၏ ကွင်းတွင် ကစားရသော စပို့တင်းလစ္စဘွန်း အသင်းသည် ပွဲချိန် ၂၈မိနစ်တွင် အဖွင့်ဂိုး သွင်းယူနိုင်ခဲ့သည်။ စီအက်စ်ကေအေအသင်း၏ ပိုင်နယ်တီဧရိယာ အပြင်ဘက်တွင် ယင်းအသင်းမှ ဒင်နီယယ်ကာဗယ်ဟို ထံမှ ရရှိသောဘောလုံးကို စပို့တင်း လစ္စဘွန်းအသင်းမှ ရော်ဂျီရီယိုက ကန်သွင်းရာ စီအက်စ်ကေအေ ဂိုးသမား အကင်ဖီး ကာကွယ်နိုင်ခြင်းမရှိပေ။

ပေါ်တူဂီ ကလပ်အသင်းသည် အဖွင့်ဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် ပထမပိုင်းပွဲကစားချိန်တစ်ခုလုံးကို ကွင်းလယ်ကစားကွက်အသာဖြင့် စိုးမိုးထားသည်။

အကြိတ်အနယ်

သို့ရာတွင် ဒုတိယပိုင်းတွင် ရုရှားကလပ်အသင်းက တန်ပြန်တိုက်စစ်ဆင် ထိုးဖောက်ကစားလာသည်။ စီအက်စ်ကေအေအသင်းသည် ဂိုးသွင်းနိုင်ရန် အကြိတ်အနယ် ကစားလာခဲ့ပြီး ဂိုးသွင်းခွင့်များ ရရှိနိုင်ရန် ဒန်နီယန် ကာဗယ်ဟိုက ဖန်တီးပေးနိုင်ခဲ့သည်။

ပွဲချိန် ၅၇ မိနစ်တွင် ကာဗယ်ဟို၏ အလွတ်တည်ကန်ဘောမှ တစ်ဆင့် အလက်ဇီအီရီဇူစကီးက ခေါင်းတိုက်သွင်းယူခြင်းဖြင့် ရုရှားအသင်းမှာ ချေပဂိုး ရရှိခဲ့သည်။

ဒုတိယမြောက်ဂိုး

ပွဲချိန် ၆၆မိနစ်တွင် စီအက်စ်ကေအေ မော်စကိုအသင်းအတွက် ဒုတိယမြောက်ဂိုးကို သွင်းယူနိုင်ခဲ့သည်။ ကာဗယ်ဟို ပို့ပေးလိုက်သည့်ဘောလုံးကို ဇီးကော့ဗ်က ရှေ့သို့ ပြေးတက်လာသည့် ဂိုးသမား ရီကာဒိုနှင့် ရင်ဆိုင်ကာ အပိုင်ကန်သွင်းနိုင်ခဲ့သည်။

ပွဲချိန် ၇၅မိနစ်တွင် စီအက်စ်ကေအေ အသင်းမှ ကာဗယ်ဟိုက စပို့တင်း လစ္စဘွန်းအသင်းမှ အင်နာကာဟိုင်းထံမှ ဘောလုံးကိုရယူကာ အသင်းဖော် ဗက်ဂ်နာလပ်ဗ်ထံ ဝဲဘက်မှဖြတ်ပို့ပေးလိုက်ပြီးနောက် ဗက်ဂ်နာလပ်ဗ်က စပို့တင်း ဂိုးသမား ရီကာဒို၏ ဆုံးဖြတ်ချက် မှားယွင်းမှုအပေါ် အခွင့်ကောင်းယူကာ တတိယမြောက်ဂိုးကို သွင်းယူနိုင်ခဲ့သည်။ ***ရိုက်တာ။***

ပေါ်တူဂီနိုင်ငံ လစ္စဘွန်းမြို့ရှိ ဟိုဆေးအယ်လ်ဗာလိတ်ကွင်းတွင် ဗုဒ္ဓဟူးနေ့က ကျင်းပသော ယူအီးအက်ဖ်အေဖလား ဗိုလ်လုပွဲ၌ စီအက်စ်ကေအေ အသင်းမှ ခရိုအေးရှား ရှေ့တန်းကစားသမား အီဗီကာအိုလစ်(ဝဲ)က စပို့တင်းအသင်းမှ ချီလီကွင်းလယ်ကစားသမား ရိုဒရစ်ဂိုတယ်လိုထံမှ ဘောလုံးရရှိအောင် ကြိုးပမ်းစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နိပွန်ဖောင်ဒေးရှင်း၏ ထောက်ပံ့ကူညီမှု၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ပေါင်းစပ်ညှိနှိုင်းပေး၍ စေတနာအဖွဲ့နှင့် ဒေသခံပြည်သူများ ပူးပေါင်းအကောင်အထည်ဖော် ဆောက်လုပ်မှုတို့ဖြင့် ပြီးစီးသွားသော ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို မေ ၇ ရက်က သီပေါမြို့နယ် နောင်ကော်ကြီးကျေးရွာ မူလတန်းကျောင်း၌ ကျင်းပရာ သီပေါမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးစိုင်းသာလှိုင်၊ နိပွန်ဖောင်ဒေးရှင်း အဖွဲ့ခေါင်းဆောင် မစ္စတာဆာတိုနှင့် လက်ထောက်မြို့နယ်ပညာရေးမှူး ဦးစိုးတင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (၂၄၇)

အသံမစဲပဋ္ဌာန်းပွဲကျင်းပ

စစ်တောင်း မေ ၁၉

အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း စစ်တောင်းအမှတ်(၁)စက္ကူစက်ရုံ ဒုတိယအကြိမ်မြောက် အသံမစဲ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို မေ ၈ ရက်မှ ၁၂ ရက်အထိ စက်ရုံအားကစားခန်းမ၌ ကျင်းပရာ မေ ၁၂ ရက် ပဋ္ဌာန်းသိမ်းပွဲ၌ သစ်ဆင်ပရိယတ္တိစာသင်တိုက် နာယက ဆရာတော် ဘဒ္ဒန္တအာစရက အနုမောဒနာတရားချီးမြှင့်ပြီး စက်ရုံမှူး၊ ဒုတိယစက်ရုံမှူးနှင့် ဌာနမှူးများ၊ စက်ရုံဝန်ထမ်းများနှင့် အလှူရှင်များက လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းပြီး ရေစက်သွန်းချ အမျှဝေကြသည်။ **(က-ပ)**

ဧပြီ၃၀ရက်က ကော့သောင်းမြို့နယ်(၈)မိုင်ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကျင်းပရာ ပြန်/ဆက်ဦးစီးအရာရှိ ဦးမြင့်အေးနှင့် အကျဉ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဘိုနောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်ပြန်/ဆက်)

မြန်မာ့ဖွံ့ဖြိုးရေးလေ့လာမှု ဆင့်ပွားသင်တန်းဖွင့်

ကျောက်ဆည် မေ ၁၀

ကျောက်ဆည်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ကြီးမှူး၍ မြန်မာ့ဖွံ့ဖြိုးရေး လေ့လာမှု ဆင့်ပွားသင်တန်းအမှတ်စဉ်(၆/၂၀၀၅) ဖွင့်ပွဲကို မေ ၅ ရက် မွန်းတည့် ၁၂ နာရီက မင်းစုဇုန်နယ်မြေ မင်းစုအခြေခံပညာ အထက်တန်းကျောင်းခွဲ ပန်းလောင် စာသင်ခန်းမတွင် ကျင်းပရာ ကျောက်ဆည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တင်အုန်း တက်ရောက် အမှာစကားပြောကြား၍ ဖွင့်လှစ်ပေးသည်။

အဆိုပါ သင်တန်းသို့ မင်းစုစံပြကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သင်တန်းသား၊ သင်တန်းသူ ၁၂၅ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ် ကြာမြင့်မည်ဖြစ်သည်။ **(က-ပ)**

မေ ၁၃ ရက်က သဲကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း ဈေးများအမှိုက်သိမ်းဆည်းပြီးချိန် ခြင်၊ ယင်မှ ကူးစက်ဖြစ်ပွားသောရောဂါများ ကာကွယ်နိုင်ရန် ဒုတိယဦးစီးမှူး(အခွန်) ဦးရဲလတ်၊ ဈေးမိဈေးဖနှင့် ဈေးဝန်ထမ်းများ ခြင်ဆေးဖျန်း ဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဦးတင်မောင်ဌေး ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ကြေးမုံ The Mirror

မြို့နယ် သတင်းများ

ကျုံပျော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၅-၂၀၀၆ ခု ဘဏ္ဍာရေးနှစ် ကျောက်ချောလမ်းခင်းရန်အတွက် ရွှေနံ့သာ ဇနီးကွင်းလမ်း အပိုင်း(၄)တွင် ကျေးရွာပြည်သူများ မြေသားပြုပြင်ခြင်း လုပ်ငန်းကို မေ ၈ရက်က အမှုဆောင် အရာရှိ ဦးသန်းအေးနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးမြင့်အောင်တို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

မိုးညှင်း မေ ၉

မိုးညှင်းမြို့ အုတ်ကျင်းရပ်ကွက် ကိုယ့်အားကိုယ်ကိုး ဥဏ်ပြည့်ဖြိုး စာကြည့်တိုက်ဖွင့်ပွဲကို ဧပြီ ၂၆ ရက်က အဆိုပါ စာကြည့်တိုက်၌ ကျင်းပရာ မိုးညှင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ဒင်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မိုးညှင်းခရိုင် တာဝန်ခံ ဦးစီးအရာရှိ ဦးမာန်ငိုင်းက ပညာဘဏ်တိုက် စာကြည့်တိုက် ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောသည်။

ထိုဥဏ်ပြည့်ဖြိုး စာကြည့်တိုက်သို့ အလှူငွေနှင့် စာအုပ်များ လှူဒါန်းပေးအပ်ကြရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကိုယ်စား ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိန်ထွန်းက ငွေကျပ်တစ်သောင်း၊ ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ကိုယ်စား အသင်းဥက္ကဋ္ဌ ဒေါ်ယဉ်မင်းထွန်းက ငွေကျပ် ငါးထောင်၊ စက်ကုန်းရပ်ကွက်မှ ဒေါ်အေးအေး မိသားစုက ငွေကျပ် တစ်သောင်းငါးထောင်၊ မြို့နယ်မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းကိုယ်စား အသင်းဥက္ကဋ္ဌ ဒေါ်ကြင်ရှိန်က ငွေကျပ် ငါးထောင်၊ ဦးမြင့်အေး၊ ဦးမြင့်ဦး မိသားစုက ငွေကျပ် တစ်သောင်း စုစုပေါင်း ငွေကျပ် လေးသောင်းငါးထောင်နှင့် အလှူရှင် ၁၀ ဦးတို့က စာအုပ်ပေါင်း ၅၅၀ ကို အုတ်ကျင်းရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဘအေးသို့ ပေးအပ်လှူဒါန်းကြသည်။ **(ခရိုင်ပြန်/ဆက်)**

မြို့သာယာလှပရေး စုပေါင်းသစ်ပင်စိုက်ပျိုး

ဖားကန့် မေ ၁၁

ဖားကန့်မြို့နယ် စိမ်းလန်းစိုပြည်ရေးနှင့် မြို့သာယာလှပရေး လုပ်ငန်းများကို ဖားကန့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိရာ မေ ၇ ရက်က ဖားကန့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်ပန်းခြံအတွင်း ပန်းအလှပင်များ စိုက်ပျိုးခြင်းလုပ်ငန်းကို အဖွဲ့ဝန်ထမ်းများဖြင့် ဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဦးမင်းဟန် (ဒုတိယညွှန်ကြားရေးမှူး)နှင့် ဦးစီးအရာရှိ ဦးနေမျိုးနိုင်တို့က ကြီးကြပ်ပေးကြသည်။ **(မြို့နယ်စည်ပင်)**

အကြိုအခြေခံ မီးသတ်သင်တန်းဆင်း

မိုးကောင်း မေ ၁၀

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် မီးဘေးကြိုတင် တားဆီးကာကွယ်ရေး စီမံချက်အရ မြို့နယ်အရန်မီးသတ်တပ်ရင်းမှ ကြီးမှူးဖွင့်လှစ်သည့် အကြိုအခြေခံ မီးသတ်သင်တန်း အမှတ်စဉ်(၂/၂၀၀၅)ဆင်းပွဲကို ဧပြီ ၂၁ ရက်က အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း အားကစားကွင်း၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်သန်း တက်ရောက် အမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်နှင့် သင်တန်းထူးချွန်ဆုများ ပေးအပ်ချီးမြှင့်သည်။

သင်တန်းသို့ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၅၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ၁၅ ရက် ကြာမြင့်ခဲ့ကြောင်း သိရသည်။ **(၄၉၉)**

(၈၆)ကြိမ်မြောက် သွေးလှူ

ပုလဲ မေ ၁၉

စစ်ကိုင်းတိုင်း မုံရွာခရိုင် ပုလဲမြို့နယ် ပုပ္ပာကျေးရွာ နယ်လှည့်သာသနာပြု ဓမ္မကထိက မိုးကုတ်ကမ္မဋ္ဌာနာစရိယ လူမှုထူးချွန်(ပ-ဒု-တ)ဆင့် မော်လမြိုင်တောင်ဝိုင်း ဓမ္မရက္ခိတ ဆရာတော် ချင်းတွင်း အရှင်ကလျာဏသည် ရန်ကုန်မြို့ ဗဟိုအမျိုးသားသွေးလှူဘဏ်တွင် (၈၆)ကြိမ်မြောက် သွေးလှူဒါန်းသည်။ **(က-ပ)**

တိုင်းရင်းဆေးကုသမှု ကွင်းဆင်းဆောင်ရွက်

ရွှေဘို မေ ၂

ရွှေဘိုမြို့ ကျောက်ကာကျောင်းတိုက် ၁၀ ရက်တရားစခန်းတွင် ဧပြီ ၂၃ ရက် နံနက် ၉ နာရီက တိုင်းရင်းဆေးကုသမှု ကွင်းဆင်းဆောင်ရွက်သည်။

အဆိုပါ ၁၀ ရက် တရားစခန်းရှိ သံဃာတော် ၃၅ ပါးနှင့် ယောဂီ ၂၂၇ ဦးတို့အား ခရိုင်တိုင်းရင်းဆေးကုဌာနမှ ဒုတိယတိုင်းရင်းဆေးမှူး ဒေါ်ခင်ပိုနှင့် အဖွဲ့က ကျန်းမာရေးစစ်ဆေးပြီး ဆေးကုသပေးကြသည်။

တိုင်းရင်းဆေးကုသမှုတွင် ဦးဘိုကြီး (ရုပ်ပျိုတိုင်းရင်းဆေး)၊ ဦးသန်းထွန်း (ဦးသက်ပြင်းသား ဆေးတိုက်)၊ ဒေါ်ချော(ဘုရင်ဆေးတိုက်)၊ ဦးစံလင်း (မင်းသီဟဆေးတိုက်)၊ ဦးတင်မောင်မြင့် (သီဟမင်းဆေးတိုက်)နှင့် ဆရာဦးကြည်စိန်တို့က ဆေးဝါးမျိုးစုံကို လှူဒါန်းကြသည်။ **(ခရိုင်ပြန်/ဆက်)**

ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူ မေ ၇ရက်က အဖွဲ့ပိုင် ပျိုးဥယျာဉ်တွင် ဝန်ထမ်းများ ပန်းအလှပင် ပျိုးထောင်မှုကို ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် သံလွင်ဥယျာဉ်ရှိ ခရိုင်အဆင့် ပျိုးဥယျာဉ်ဆောင်ရွက်ထားရှိမှုကို ဧပြီ ၂၈ရက်က စည်ပင်သာယာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းမောင်နှင့်အဖွဲ့ စစ်ဆေးရာ မြို့နယ် အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးလှမျိုး ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကျေးလက် တစ်ခွင် ဖွံ့ဖြိုးစည်ပင်

အလှူရှင် ဒေါ်အေးအေးမွန်၏ မွေးနေ့ အထိမ်းအမှတ်အဖြစ် ကျပ် ၃၈သိန်းကျော်တန် ပန်းကုန်းကျေးရွာ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းခွဲ သားဖွားခန်း အဆောက်အအုံ ဆောက်လုပ်လှူဒါန်းပွဲကို ဧပြီ ၂၆ ရက်က အဆိုပါ အဆောက်အအုံရှေ့တွင် ကျင်းပရာ အလှူရှင်က သားဖွားခန်းနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ပေါင်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်မြလင်းစိန်က လွှဲပြောင်းပေးအပ်စဉ်။ (၂၅၅)

တောင်ကြီး အေးသာယာစက်မှုဇုန် တည်ဆောက်ရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့် စစ်ဆေးမှာကြား

ရန်ကုန် မေ ၁၉

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်သည် မေ ၁၅ ရက် နံနက် ၈နာရီခွဲက တောင်ကြီးမြို့နယ် အေးသာယာစက်မှုဇုန်ရှိ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်ဦးစီးဌာန အမှတ် (၇) တည်ဆောက်ရေးညွှန်ကြားရေးမှူးရုံး တည်ဆောက်မည့်မြေနေရာသို့ ရောက်ရှိရာ တိုင်းမှူးအား ပြည်နယ် မြေစာရင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဆန်း၊ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာမှူးကြီး ဦးကျော်သောင်းနှင့် အေးသာယာစက်မှုဇုန်မှ တာဝန်ရှိသူများက ရုံးအဆောက်အအုံတည်ဆောက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက တာဝန်ရှိသူများ၏ လိုက်လံရှင်းလင်း တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် အေးသာယာစက်မှုဇုန်ရှိ သံရည်ကျိုစက်တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်၌ တိုင်းမှူးအား စက်ရုံတာဝန်ခံနှင့် တာဝန်ရှိသူများက စက်ရုံတည်ဆောက်ပြီးစီးမှုနှင့် စက်များတပ်ဆင်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

ယင်းနောက် တိုင်းမှူးသည် အေးသာယာစက်မှုဇုန်မှ ရွှေညောင်သွားကားလမ်း တိုးချဲ့ဖောက်လုပ်မည့်နေရာသို့ ရောက်ရှိ စစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောက်ရွက်ပေးခဲ့သည်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ဗီယက်နမ်နိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

ရန်ကုန် မေ ၁၉

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H. E. Mr. Tran Van Tung သည် ယနေ့ညနေ ၅ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၏ ညှိခန်းမသို့ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ခေတ္တဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးအောင်ငြိမ်း၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဘိုကြည်၊ ရုံးအဖွဲ့မှူး ဦးရဲတင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

လာရောက်တွေ့ဆုံ

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H. E. Mr. Tran Van Tung ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၏ ညှိခန်းမ၌ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

သစ်တောရေးရာဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် အောင်ပွဲရ အားကစားသမားများ ဂုဏ်ပြုပွဲတက်ရောက်

သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ၂၀၀၄ – ၂၀၀၅ ခုနှစ်အတွက် အကောင်းဆုံး အားကစားသမားဆုရရှိသော ဘိုးလင်းအသင်းမှ မခင်သန်းထွေးအား ဂုဏ်ပြုဆု ချီးမြှင့်စဉ်။ (သစ်တောရေးရာ)

ရန်ကုန် မေ ၁၉

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန၌ ပြုလုပ်သည့် ၂၀၀၄–၂၀၀၅ ခုနှစ်အတွင်း ပြည်တွင်း၊ ပြည်ပ ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသော သစ်တောရေးရာဝန်ကြီးဌာနကိုယ်စားပြု အောင်ပွဲရ အားကစားသမားများ ဂုဏ်ပြုပွဲသို့ တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

တက်ရောက်

အခမ်းအနားသို့ ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ အောင်ပွဲရ အားကစားမောင်မယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က ဂုဏ်ပြုအမှာစကားပြောကြားပြီး တစ်နှစ်အတွင်း အကောင်းဆုံးအားကစားသမားဆုရ ဘိုးလင်းအားကစားသမား မခင်သန်းထွေးအားလည်းကောင်း၊ အကောင်းဆုံးအသင်းဆုရ ရေကူးအသင်းကိုယ်စား တာဝန်ခံ ဒုတိယအထွေထွေမန်နေဂျာ ဦးစိန်ဝှက်အားလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက အားကစားနည်းအလိုက် အောင်ပွဲရရှိခဲ့သော အားကစားမောင်မယ်များအား ဂုဏ်ပြုဆုများ ပေးအပ်သည်။

ထို့နောက် အောင်ပွဲရ အားကစားသမားများကိုယ်စား ဘိုးလင်းအားကစားသမား မခင်သန်းထွေးက ကျေးဇူးတင်စကားပြောကြားသည်။ အခမ်းအနားအပြီးတွင် ဝန်ကြီးက အားကစားမောင်မယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားပြီး ဂုဏ်ပြုညစာဖြင့် ညှိခံသည်။

သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် ၂၀၀၄–၂၀၀၅ ခုနှစ်အတွင်း ပြည်တွင်းပြိုင်ပွဲများတွင် ရွှေ ၈၉ ဆု၊ ငွေ ၈၄ဆု၊ ကြေး ၈၇ဆုနှင့် နိုင်ငံတကာပြိုင်ပွဲများတွင် ရွှေ တစ်ဆု၊ ငွေ သုံးဆု၊ ကြေး ငါးဆု စုစုပေါင်း ဆုတံဆိပ် ၂၆၉ဆု ရရှိခဲ့သည်။ (သတင်းစဉ်)

ပိုင်ကျုံ ထပ်ဆင့်လွှင့်စက်ရုံမှ မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်များစတင်ထုတ်လွှင့်

ရန်ကုန် မေ ၁၉

ရုပ်မြင်သံကြား တိုးချဲ့ထုတ်လွှင့်ရေး အစီအစဉ်အရ ကရင်ပြည်နယ် ပိုင်ကျုံတွင် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ မေ ၁၄ ရက်တွင် လုပ်ငန်းများ ပြီးစီးသည်။

အဆိုပါစက်ရုံမှ လွှင့်အား ၁၀ ဝပ်၊ လှိုင်းနံပါတ် ၆ ဖြင့် မေ ၁၅ ရက်မှစ၍ မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်များကို အရုပ်/အသံ ကြည်လင်ပြတ်သားစွာဖြင့် ထုတ်လွှင့်ပေးလျက်ရှိသည်။ (သတင်းစဉ်)

အင်အားပြင်းထန်သော မြေငလျင်တစ်ခုလှုပ်ရှား

ရန်ကုန် မေ ၁၉

၂၀၀၅ ခုနှစ် မေ ၁၉ ရက် ယနေ့မြန်မာစံတော်ချိန် ဝ၈ နာရီ ၂၈မိနစ် အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်း၏ တောင်ဘက် မိုင် ၁ဝ၅ဝ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြင်ပနေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၆ ဒသမ ၈ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင် တစ်ခုလှုပ်ရှားသွားကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။ (သတင်းစဉ်)